ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့ (26-12-2013) (၇၇၀၆)


**ထူးခြားသည့် ညအပူချိန်များ**

| | |
|---|---|
| ဟားခါး | ၂ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၂ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၂ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၂ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၃ ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၄ ဒီဂရီစင်တီဂရိတ် |

**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**



# ကမ္ဘာ့ဖလားဆုကြီး ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ကမ္ဘာ့အားကစားလောကတွင် နာမည်အကျော်ကြားဆုံးဖြစ်သည့် ကမ္ဘာ့ဖလားဆုကြီးသည် ကမ္ဘာအနှံ့ လှည့်လည်ပြသရေးအစီအစဉ် (World Cup Trophy Tour) ဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက ဖီဖာ၏ ကိုယ်ပိုင်လေယာဉ်ကြီးဖြင့်ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဖီဖာ၏ ကမ္ဘာ့ဖလားဆုကြီးသည် ကမ္ဘာအနှံ့ လှည့်လည်ပြသရေးအစီအစဉ်အရ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်ရာ ဒီဇင်ဘာ ၂၆ ရက်တွင် သုဝဏ္ဏအားကစားပြိုင်ကွင်းကြီး၌ ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ နံနက် ၁၀ နာရီမှ ည ၁၀ နာရီ

**သတင်း-သီဟသူ ❖ ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)၊ တင်ထွန်းအောင်**

အထိ အများပြည်သူများအား ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့ဖလားဆုကြီးသည် လေးနှစ်လျှင် တစ်ကြိမ်ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသည့်အသင်းအား ချီးမြှင့်သည့် ဆုဖလားကြီးဖြစ်ပြီး ၁၈ ကာရက်ရှိ ရွှေသား ၆ ဒသမ ၁၇၈ ကီလိုဂရမ်(၃ ဒသမ ၇၇ ပိဿာ)ဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး ၃၆ စင်တီမီတာအမြင့်ရှိကာ အောက်ခြေနားတွင် ကျောက်စိမ်းရစ် နှစ်ရစ်ဖြင့် အလှဆင်ထားပြီး ၁၉၇၄ ခုနှစ်မှ စတင်၍ အနိုင်ရဗိုလ်စွဲခဲ့သည့် နိုင်ငံအမည်များကို ထွင်းထုထားကြောင်း သိရသည်။ **စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍**

# ဝမ်းတွင်း၌ စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် တလင်းပျောက်စနစ် ရိတ်သိမ်းလျက်ရှိ

**ဝမ်းတွင်း ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် နဘဲကန်ကျေးရွာနှင့် ကျွတ်ကန်ကျေးရွာတို့၌ တိုင်းဒေသကြီးဦးစီးမှူး စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးလှမြင့်အောင်၏ ကြီးကြပ်မှုဖြင့် မာဃစက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း KUBOTA ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးဖြင့် ရိတ်သိမ်းလျက်ရှိသည်။

ဝမ်းတွင်းမြို့နယ်မှ စိုက်ပျိုးရေးဦးစီးဌာန စက်မှုလယ်ယာဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများနှင့် မာဃစက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းတာဝန်ခံတို့ ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိရာ အချိန်တိုအတွင်း အရည်အသွေးကောင်း စပါးမျိုးစေ့များ ရရှိသည့်အပြင် လယ်ယာလုပ်သားများ ရှားပါးနေချိန်တွင် ယခုကဲ့သို့ စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် တောင်သူများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးသည့်အတွက် တောင်သူကြီးများက ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**



**ယနေ့ မာတိကာ**


ခေတ်မီလယ်ယာစနစ် ပြောင်းလဲ — စာမျက်နှာ - ၂

တရုတ်ပြည်မကြီးမှ ဟောင်ကောင်သို့ ဥမင်လိုဏ်တစ်ခု မှောင်ခိုသမားများ တူးဖော် — စာမျက်နှာ - ၄

ပညာရေးသည် တိုင်းပြည်၏ အနာဂတ် — စာမျက်နှာ - ၆

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားသမား ၂၀၀ ဝင်ရောက်ယှဉ်ပြိုင်မည် — စာမျက်နှာ - ၉

နိုင်ငံတကာဖီလစ်ပိုင်ရုပ်ရှင်ပြပွဲ ပြိုင်ပွဲ ကျင်းပမည် — စာမျက်နှာ - ၁၂

ပရီမီယာလိဂ်အမှတ်ပေးဇယား ဆက်လက်ဦးဆောင်နိုင်ရေး မန်စီးတီးအသင်း၏ စမ်းသပ်မှု လီဗာပူး ရင်ဆိုင်ရဖွယ်ရှိနေ — စာမျက်နှာ - ၁၃





**ကြေးမုံ စာတည်း ရှု ထောင့်** **၂၆-၁၂-၂၀၁၃၊ ကြာသပတေးနေ့**

# ခေတ်မီလယ်ယာစနစ်ပြောင်းလဲ

"လယ်ယာကဏ္ဍကို အဓိကအားထားနေကြသည့် ကျေးလက်နေပြည်သူများအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် လက်ရှိအခြေအနေတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမားရိုးကျအတိုင်း စိုက်ပျိုးထုတ်လုပ်ရာမှ ခေတ်မီနည်းစနစ်များဖြင့် ပြောင်းလဲထုတ်လုပ်မှသာ တောင်သူလယ်သမားများအတွက် ဝမ်းစာဖူလုံရုံသာမက ဝင်ငွေများတိုးပွားလာမည် ဖြစ်ပါကြောင်း" ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက ထည့်သွင်းပြောကြားထားသည်။

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ပြည်သူများသည် ကျေးလက်များတွင် နေထိုင်ကြပြီး လယ်ယာကဏ္ဍကို အဓိကအားထား အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်ကြပါသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီးမိန့်ကြားသကဲ့သို့ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီလယ်ယာစိုက်ပျိုးလုပ်ကိုင်မှုများ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို နိုင်ငံတော်က ဦးစားပေးဆောင်ရွက်ပေးလျက်ရှိရာတွင် ယခုကျင်းပခဲ့သည့်အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့မှ သမဝါယမအသင်းသားများအား မြို့နယ်အလိုက် ငွေကြေးအရင်းအနှီးများကို မတည်ရင်းနှီးငွေအဖြစ် ထုတ်ချေးပေးရေးအပြင် ဒေသခံပြည်သူများကိုယ်တိုင် ကြိုက်နှစ်သက်သော လက်တွန်းထွန်စက်၊ ထွန်စက်၊ ထော်လာဂျီ၊ ထရပ်ကား၊ အင်ဂျင်၊ မီးစက်၊ ရေစုပ်စက်၊ သုံးဘီးဆိုင်ကယ်၊ အပ်ချုပ်စက်၊ ဆိုက်ကား၊ မော်တော်ဆိုင်ကယ်၊ ငါးဖမ်းပိုက်နှင့် ငါးဖမ်းလှေ စသည့် ရေလုပ်ငန်းသုံးပစ္စည်းများအပါအဝင် ကျပ်သန်းပေါင်း ရှစ်ထောင်ကျော် ထုတ်ချေးပေးသွားမည်ကို ကြားသိရပေရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျေးလက်နေ ဒေသခံပြည်သူများအတွက် များစွာဝမ်းမြောက်ပီတိဖြစ်ရပေသည်။

သမဝါယမဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ဦးစွာအရေးပါသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒေသခံပြည်သူများအား အရင်းအနှီးမတည် ငွေကျပ်သိန်းပေါင်း တစ်သိန်းကျော် ထုတ်ချေးပေးထားပြီးဖြစ်သည်။ ထို့အပြင် ငွေကျပ်သိန်းပေါင်း နှစ်သောင်းနီးပါးတန်ဖိုးရှိ လုပ်ငန်းသုံးယာဉ်နှင့် စက်ကိရိယာအမျိုးမျိုး ၁၉၅၄ ခုကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားပြီးဖြစ်သည်။

ချေးယူထားသော ဒေသခံပြည်သူများကလည်း ချေးငွေများကို အပြည့်အဝ ပြန်လည်ပေးဆပ်လျက်ရှိပြီး အသေးစားချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူများ၏ ခံစားပြောဆိုချက်များ၊ တုံ့ပြန်ချက်များကို ပြန်လည်လေ့လာကာ အားနည်းချက်များကို ပြုပြင်ပြီး အားသာချက်များကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသဖြင့် လုပ်ငန်းအောင်မြင်ရေးအတွက် ကျေနပ်အားရဖြစ်မိပါသည်။

ထိုသို့ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က စေတနာထားဆောင်ရွက်ပေးလျက်ရှိခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ချက်ဖြစ်သလို နောင်အနာဂတ်တွင် ဒေသခံပြည်သူများ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်အောင် မျှော်မှန်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သိရှိနားလည်ထားရမည်ဖြစ်သည်။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ရရှိထားသော ချေးငွေများကို မိမိတို့လုပ်ငန်းများတွင် မှန်မှန်ကန်ကန် ထိထိရောက်ရောက် အသုံးပြုသွားကြရန် လိုအပ်ပါသည်။ ထို့အပြင် နိုင်ငံတော်၏ မတည်ရင်းနှီးပေးမှုဖြင့် လယ်ယာလုပ်ငန်းများအောင်မြင်အောင် အမှန်တကယ် အားစိုက်လုပ်ကိုင်ကြရမည်ဖြစ်ပြီး ရရှိဖြစ်ထွန်းလာသည့် အကျိုးအမြတ်ထဲမှရလာသည့် ဝင်ငွေများအား ချေးငွေများကို မှန်မှန်ကန်ကန် ပေးဆပ်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဦးစားပေး မတည်ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ကျေးရွာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်ညီလက်ညီ ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ချင်းပြည်နယ်ဝန်ကြီးချုပ် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**ဟားခါး ဒီဇင်ဘာ ၂၅**

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Gautan Mukhopathaya အား ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝန်ကြီးချုပ်နှင့် သံအမတ်ကြီးတို့အဖွဲ့သည် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ၊ ချင်းပြည်နယ်နှင့် နယ်စပ်ချင်းထိစပ်နေသည့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၆-၁၂-၂၀၁၃ (ကြာသပတေးနေ့)**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၄၀ နှောင်းခေတ်တေးပဒေသာ
- ၆း၅၀ "ကြည်နူးဖူးမြော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်"
- ၇း၂၅ ပြည်သူတို့ရဲ့စကားသံများ
- ၁၁း၁၀ ဆိုကြမယ်၊ ပျော်ကြမယ်
- ၂း၃၀ သုခုမရင်ခွင်အငြိမ့်သဘင် "ရွှေစတားညီငယ်များအငြိမ့်အဖွဲ့" (ပထမပိုင်း) (မင်းသမီး-ဝမ်းကေဇင်၊ လူရွှင်တော်-ဒဲ့ဒိုး၊ လန်ဒန်အောင်ချစ်၊ လှိုင်ဘွား) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၃း၁၅ သုခုမရင်ခွင်အငြိမ့်သဘင် "ရွှေစတားညီငယ်များအငြိမ့်အဖွဲ့" (ဒုတိယပိုင်း) (မင်းသမီး-ဝမ်းကေဇင်၊ လူရွှင်တော်-ဒဲ့ဒိုး၊ လန်ဒန်အောင်ချစ်၊ လှိုင်ဘွား) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၄း၄၀ အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြားသင်ခန်းစာပို့ချချက် -တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၆း၅၀ "သိပ်မိုက်တာပဲ"
- ၇း၃၀ "အကယ်ဒမီရင်ခုန်သံ"
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
- ၉း၀၀ ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်




## ပုဂံတွင် ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပထမဦးဆုံး အစည်းအဝေးတွင် သတင်းရယူမည့် မီဒီယာသမားများ အဆင်ပြေစေရေး စီစဉ်ထားရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ဆောင်ရွက်ရာတွင် ပထမဦးဆုံးကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ASEAN Foreign Minister's Meeting Retreat, AMM (Retreat) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ပုဂံမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရာတွင် သတင်းရယူကြမည့် ပြည်တွင်းပြည်ပသတင်းထောက်များနှင့် နိုင်ငံခြားသတင်းထောက်များအသင်း(Foreign Correspondents' Club) အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးရဲနိုင်(အထွေထွေမန်နေဂျာ) ၀၆၇-၃၆၁၃၇၇၊ ၀၆၇-၄၁၂၁၁၉၊ ၀၉-၈၃၀၆၃၅၈ သို့လည်းကောင်း၊ ဦးလှိုင်မြင့် (ညွှန်ကြားရေးမှူး) ၀၆၇-၄၁၂၁၂၆၊ ၀၉-၄၉၂၀၅၀၀၄ npemoi@gmail.com သို့လည်းကောင်း ဆက်သွယ်၍ အမည်စာရင်း ပေးပို့ကြရမည်ဖြစ်ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက်ကတ်များ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် ဗီဇာလျှောက်ထားရာတွင် နီးစပ်ရာသံရုံးများမှတစ်ဆင့် လျှောက်ထားကြရမည်ဖြစ်သည်။ ပြည်တွင်း ပြည်ပမှ သတင်းထောက်များအနေဖြင့် သတင်းထောက်ကတ်လျှောက်ထားရယူရန် လျှောက်လွှာပုံစံအား ASEAN Webportal ဖြစ်သော www.asean 2014, gov.mm events ခေါင်းစဉ်အောက်ရှိ asean 2014 summit, more detail, ASEAN Foreign Minister's Meeting Retreat, AMM (Retreat)တွင် ဗီဇာပုံစံကို download ရယူနိုင်ပါသည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ သတင်းထောက်ကတ်ရရှိရေးနှင့် ပတ်သက်၍ သိရှိလိုပါက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးလှိုင်မြင့်(ညွှန်ကြားရေးမှူး)ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**





## အခြေခံပညာကျောင်းဆောင်သစ်များ ဖွင့်လှစ်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲများ ကျင်းပ

**သံတောင်ကြီး ဒီဇင်ဘာ ၂၅**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဟူသော ရည်မှန်းချက်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေသည့် ပညာရေးဌာနလက်အောက်ရှိ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အထက်တန်းကျောင်းနှင့် ပျားစခန်းကျေးရွာ အထက်တန်းကျောင်းခွဲတို့၏ နှစ်ထပ်ကျောင်းဆောင်သစ်များ ဖွင့်လှစ်ပွဲနှင့် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားများကို ဒီဇင်ဘာ ၂၃ ရက်က အဆိုပါ ကျောင်းများ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၅၁၂ သိန်းဖြင့် အလျား ပေ ၁၄၀ ၊ အနံ ပေ ၃၀၊ အမြင့် ၂၄ပေ နှစ်ထပ်အဆောက်အအုံဖြစ်သည့် "အလင်းဂုဏ်" ကျောင်းဆောင်သစ်ဖွင့်ပွဲပြုလုပ်ရာ ကျောင်းဆောင်သစ်အား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောတော်ပလဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ရွှေဖားစည်ဆောက်လုပ်ရေးကုမ္ပဏီမှ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ကြီးကအထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ ဆက်လက်၍ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး အလှူငွေများကို ပေးအပ်လှူဒါန်းရာ အထက (ဘုရင့်နောင်)သို့လှူဒါန်းငွေကျပ် ငါးသိန်းကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ အထက (သံတောင်ကြီး)သို့ လှူဒါန်းငွေကျပ် ငါးသိန်းကို ပြည်နယ်လူမှုရေးဝန်ကြီးကလည်းကောင်း၊ ကျောင်းဆောင်သစ်ပရိဘောဂများအတွက် တောင်ကလေးဆရာတော် အရှင်ပညာသာမိ၏ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ဆရာတော်ကိုယ်စား တပည့်ဒါယကာတစ်ဦးကလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ အလျား ပေ ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၂၄ ပေရှိ "ပညာပန်းခင်း" နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဆက်လက်ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်၊ KNU ငြိမ်းချမ်းရေးအဖွဲ့ တောင်ငူခရိုင်တရားသူကြီး ပဒိုဦးဆာလွယ်၊ ရပ်မိရပ်ဖ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ပညာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ကျောင်းဆောင်သစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ထူးထူးဆောက်လုပ်ရေးကုမ္ပဏီမှ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးဝန်ကြီးက အလှူငွေကျပ် နှစ်သိန်းနှင့်ကျော်လွှမ်းမိုးနှင့်ညီများကုမ္ပဏီမှ အလှူငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဗျူစီဒီက လက်ခံရယူပြီး ရပ်မိရပ်ဖ ဦးမောင်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးပထမနေ့ကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် ၈၄ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုတင်သွင်း ဆွေးနွေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် "စစ်ကိုင်းတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း"၊ "၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ ငွေလုံးငွေရင်း အသုံးစရိတ်များမှ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခွင့်ပြုရေး" နှင့် "စစ်ကိုင်းတိုင်းဒေသကြီး၏ ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေကြမ်း"တို့ကို တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စကုမြို့တွင် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး

**မင်းဘူး ဒီဇင်ဘာ ၂၅**

ပြည်လုံးကျွတ်ကောက်ယူမည့်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို မင်းဘူးမြို့နယ် စကုမြို့ အမှတ်(၂)ရပ်ကွက် အောင်ချမ်းသာမူလတန်းကျောင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျေးလက်ပြည်သူများ အသိပညာဗဟုသုတပိုမိုမြင့်မားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးကိစ္စရပ်များ၊ နှစ်ပေါင်း(၃၀)နီးပါး ကြာမြင့်ပြီးမှ ထပ်မံကောက်ယူနိုင်သည့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းသည် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်၍ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန် ရှင်းလင်းဟောပြောရာ ဒေသခံများက စိတ်ပါဝင်စားစွာဖြင့် မိမိတို့သိလိုသည်များကို မေးမြန်းခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ခရစ္စမတ်နေ့တွင် ဓမ္မတေးသီချင်းများ လှည့်လည်သီကျူး



**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၅ ရက်တွင် ကျရောက်သော ခရစ်ယာန်တို့၏အထွတ်အမြတ်ထားရာ ခရစ္စမတ်နေ့တွင် ခရစ်တော်အား ဂုဏ်ပြုကာအလုပ်အကျွေးပြုခြင်းအားဖြင့် ခရစ်ယာန်ဘာသာဝင်များက ယင်းနေ့တွင် ခရစ်ယာန်ဓမ္မတေးသီချင်းများဖြင့် လှည့်လည်သီကျူးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**

ကမ္ဘာပေါ်တွင် ဘာသာကြီးလေးမျိုးရှိခဲ့ရာ မည်သည့်ဘာသာဝင်မဆို ၎င်းတို့၏ အထွတ်အမြတ်အထားဆုံးနေ့တစ်နေ့ရှိစမြဲဖြစ်ပြီး ခရစ်ယာန်များ၏ ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းစာတိုက်များ၌ လှည့်လည်သီကျူးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ငါးပုစွန်တင်ပို့ကုန် ဝင်ငွေကျဆင်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ငါးပုစွန်တင်ပို့မှုမှာ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၈ ရက်ထိ တန်ချိန် ၂၂၀၀၀၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၆၃ ဒသမ ၂၇၃ သန်းရရှိခဲ့ကြောင်း ဒီဇင်ဘာ ၂၄ ရက် နံနက်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အပတ်စဉ်ဆွေးနွေးပွဲမှ သိရသည်။

၂၀၁၂ ခုနှစ်တွင် ငါးပုစွန်တန်ချိန် ၂၄၄၁၆၁ ဒသမ ၆၃၆ ရရှိပြီး အမေရိကန်ဒေါ်လာ ၄၃၄ ဒသမ ၈၈၆ သန်း ဝင်ငွေရရှိခဲ့သည်။ ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းမှ ဒီဇင်ဘာလအထိ ရရှိထားသော ငါးပုစွန်တန်ချိန်နှုန်းထားသည် ယခင်နှစ်အလားတူကာလက ရရှိသော နှုန်းထားထက် လျော့ကျပြီး ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၆၁၃ သန်း ကျဆင်းခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း၌ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၂၉ သန်း ဝင်ငွေလျော့ကျလာသဖြင့် အဆိုပါနှုန်းထားအတိုင်းဆိုလျှင် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၅ သန်း လျော့ကျနိုင်ကြောင်း၊ ယခုနှစ်ဘဏ္ဍာရေးနှစ်ကုန်အထိဆိုလျှင် အမေရိကန်ဒေါ်လာ သန်း ၈၀ ခန့် လျော့ကျသွားမည်ဟု ခန့်မှန်းထားကြောင်း ငါးလုပ်ငန်းအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးဟန်ထွန်းက ပြောကြားသည်။

နိုင်ငံတကာတွင်လည်း ငါးပုစွန်ဈေးနှုန်းကျဆင်းနေသဖြင့် တင်ပို့ဝင်ငွေလျော့ကျခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌လည်း ယခုရာသီတွင် ပုစွန်မွေးမြူမှုမရှိခြင်းနှင့် ဆောင်းရာသီဖြစ်သဖြင့် ပုစွန်များသည် ရေနက်ပိုင်းကို ရောက်နေခြင်းတို့ကြောင့် သဘာဝဖမ်းဆီးရမိသည့် ပုစွန်မရှိတော့၍ ထွက်ကုန်ကျဆင်းရခြင်းဖြစ်ကြောင်း၊ကမ်းနီး၌ ဖမ်းဆီးရမိသော ပုစွန်ကိုသာ တင်ပို့ရခြင်းကြောင့် ပို့ကုန်လျာထားချက်ကို ပြည့်မီနိုင်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**(ခင်ချိုဝင်း)**

## Export ကုမ္ပဏီများ မွေးမြူရေးငါး အဝယ်လျှော့၍ သဘာဝငါးများ ဝယ်ယူစုဆောင်းနေ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့သော Export ကုမ္ပဏီများသည် ယခုအခါမွေးမြူရေးငါးဝယ်ယူမှုကိုလျှော့ချ၍ သဘာဝငါးများကိုတိုးကာ ဝယ်ယူစုဆောင်းနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ထိုသို့ဝယ်ယူခြင်းကြောင့် မွေးမြူရေးငါးဈေးကွက်သည် အရောင်းအဝယ်ထိုင်းသွားသည့် အနေအထားမျိုးဖြစ်နေကြောင်း ၎င်းကဆိုသည်။ ယခုကာလသည် ပြည်တွင်းတွင် သဘာဝအင်းအိုင်၊ မြစ်၊ ချောင်းများမှ ထွက်သော ငါးပုစွန်များ ဈေးကွက်ဝင်သည့်ကာလဖြစ်ပြီး ယခုကာလတွင် ထွက်သမျှသဘာဝငါးများကို အရွယ်အစားမရွေးဘဲ ဝယ်ယူစုဆောင်း၍ ပြည်ပဈေးကွက်မှ တောင်းဆိုလာချိန်တွင်ရောင်းချရန် စီစဉ်လုပ်ဆောင်ခြင်းဖြစ်သည်။

"သဘာဝငါးတွေက ဒီလိုရာသီချိန်မှာပဲ ပေါပေါများများရတော့ ဝယ်လှောင်ထားကြတာပါ။ ပြည်ပကမှာတဲ့အခါ လိုသလောက်မပေးနိုင်တာကြောင့် ရသမျှလိုက်ဝယ်နေတဲ့သဘောမှာရှိပါတယ်"ဟု ၎င်းကရှင်းပြသည်။ ထို့ကြောင့် သဘာဝငါးများထွက်ရှိမှုနည်းမည့် လာမည့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် မွေးမြူရေးငါးဈေးကွက် ပြန်ကောင်းလာမည်ဟု ခန့်မှန်းထားကြသည်။

ပြည်ပသို့ပို့သော Export ကုမ္ပဏီများက သဘာဝငါးများဖြစ်သည့် ငါးရံ့၊ မြစ်ငါးတန်၊ ကကတစ်၊ ငါးသလောက်၊ ငါးပနော်၊ ငါးပြေမ၊ ငါးဘဲဖြူ၊ ငါးဖျင်းသလက် စသည်တို့ကို အရွယ်အစားမရွေးဘဲ ဝယ်ယူခြင်းဖြစ်ကြောင်းသိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

## ပြိုကျပျက်စီးအိမ် ရှင်းလင်းခြင်းမရှိသေး

**ဘိုကလေး ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ (၁၀)ရပ်ကွက် ခုတင် (၁၀၀) ဆေးရုံလမ်းနှင့် (၂၁)လမ်းထောင့်တွင် အိမ်တစ်လုံးပြိုကျနေသည်မှာ တစ်နှစ်ကျော်ခန့်ရှိပြီ ဖြစ်သည်။

မြို့နယ်စည်ပင်သာယာ နယ်မြေအတွင်း (နာဂစ်) မုန်တိုင်းကျပြီးချိန်မှ ဆောက်လုပ်ထားသောအိမ် ဖြစ်သည်။ ၂၀၁၂ ခုနှစ် မိုးရာသီလေပြင်းတိုက်ခတ်သည့်အချိန်က ပြိုကျခဲ့ပြီး အိမ်အတွင်း လူများနေထိုင်ခြင်းမရှိကြောင်း သိရသည်။

လူမနေသည့်အိမ်ပျက်အိမ်ပြိုကြီးအား တာဝန်ရှိသူများက လာရောက်ရှင်းလင်းခြင်း မရှိပါသဖြင့် မြို့ကျက်သရေဖျက်နေသော အိမ်ပျက်အိမ်ပြိုကြီးအား အမြန်ဆုံးရှင်းလင်း ဖယ်ရှားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

**(ဇမ္ဗူမင်း-ဘိုကလေး)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၆-၁၂-၂၀၁၃ (ကြာသပတေးနေ့)

| | |
|---|---|
| ၅း၄၀ | "ဘေးရန်နှစ်ပါးသတိထား" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ) |
| ၆း၂၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၅၁) |
| ၇း၁၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၃၃) |
| ၈း၂၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၃၄) |
| ၉း၁၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၄) |

**❐ရန်ကုန်မှ**

အငှားဈေးကွက်သွက်ခြင်းကြောင့် ယခင်လိုကာလရှည်စာချုပ်များ ချုပ်ဆိုငှားရမ်းခြင်းမပြုကြတော့ဘဲ အများစုသည် ခြောက်လစာချုပ်ဖြင့် ငှားရမ်းနေခြင်း ဖြစ်ကြောင်း၊ အချို့သောအိမ်များတွင် အထပ်ခိုးများကိုပင် မတန်တဆဈေးဖြင့် ငှားနေရပြီး အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ မီးဖိုခန်းတစ်ခန်းပါရှိသော ကွန်ဒိုတိုက်များတွင် တစ်ခန်းလျှင် တစ်ဦးစီကာလတိုစာချုပ်များချုပ်၍ အခန်းရှင်ကငှားရမ်းနေကြောင်း ကြည့်မြင်တိုင်မြို့နယ်အတွင်းမှ စုံစမ်းသိရှိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

# အမျိုးသားပြုပြင်ပြောင်းလဲရေးကောင်စီ ထူထောင်ရန် ထိုင်းဝန်ကြီးချုပ်အဆိုပြု

**ဗန်ကောက် ဒီဇင်ဘာ ၂၅**

ထိုင်းနိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်း ဆိုက်ရောက်နေခြင်းမှ ကျော်လွှားလွန်မြောက်နိုင်ရန်ရည်ရွယ်လျက် အမျိုးသားပြုပြင်ပြောင်းလဲရေးကောင်စီ အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ရန် ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာက ဒီဇင်ဘာ ၂၅ရက်တွင် အဆိုပြုလိုက်သည်။

**အဆိုပြု**

ထိုင်းနိုင်ငံ၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ရက်သတ္တပတ်အတန်ကြာမျှ ဖြစ်ပွားခဲ့ပြီးနောက် ဝန်ကြီးချုပ်က အထက်ပါအတိုင်း အဆိုပြုလိုက်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုများပြုလုပ်နိုင်ရေးအတွက်အကြံပြုနိုင်ရန်လည်းကောင်း၊ စီးပွားရေးနှင့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ်များကို ရေးဆွဲဆောင်ရွက်နိုင်ရန်လည်းကောင်း အမျိုးသားပြုပြင်ပြောင်းလဲရေးကောင်စီကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

သို့ရာတွင် ဝန်ကြီးချုပ်မိသားစု၏ နိုင်ငံရေးဩဇာအာဏာကိုထိန်းချုပ်နိုင်ရန် အတိုက်အခံခေါင်းဆောင်များက လိုလားလျက်ရှိကြသည်။ ရွေးကောက်ပွဲမစတင်မီ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို အကောင်အထည်ဖော်ရန် ၎င်းတို့က တောင်းဆိုလျက်ရှိသည်။

**ပြုပြင်ပြောင်းလဲရေး**

ယင်လတ်သည် ပြုပြင်ပြောင်းလဲရေးကို အမှန်တကယ်ပြုလုပ်ရန် လိုလားခြင်းမရှိကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်နိုင်ရန် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးသင့်ကြောင်း အတိုက်အခံခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ဖေဖော်ဝါရီ ၂ရက်တွင် ရွေးကောက်ပွဲကျင်းပရန် ဝန်ကြီးချုပ်က စီစဉ်ထားသော်လည်း အဓိကအတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီက ရွေးကောက်ပွဲကို သပိတ်မှောက်မည်ဟု ပြောကြားခဲ့သည်။ **ရိုက်တာ။**




ဒီဇင်ဘာ ၂၅ရက်က အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ စတင်ရန် တောင်းဆိုနေကြစဉ်။

# တရုတ်ပြည်မကြီးမှ ဟောင်ကောင်သို့ ဥမင်လိုဏ်တစ်ခု မှောင်ခိုသမားများတူးဖော်

**ပေကျင်း ဒီဇင်ဘာ ၂၅**

တရုတ်ပြည်မကြီးမှ ဟောင်ကောင်သို့ ဆက်သွယ်သည့် ဥမင်လိုဏ်ခေါင်းတစ်ခုကို တရုတ်အာဏာပိုင်များက ရှာဖွေတွေ့ရှိရာ မှောင်ခိုရောင်းဝယ်သူများက ဖောက်လုပ်ခြင်းဖြစ်ဖွယ်ရာရှိကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင်ဖော်ပြသည်။

ယင်းလိုဏ်ခေါင်းကို ကွန်ကရစ်နံရံများဖြင့် ပြုလုပ်ထားပြီး အတွင်း၌ အလင်းရောင်များရရှိစေရန် စီမံထားသည်။ ယင်းဥမင်လိုဏ်သည်ရှင်ဇင်မြို့အနီး ကားဂိုဒေါင်တစ်ခုအောက်မှ စတင်ကာ မြစ်အောက်တွင် တူးဖော်ထားခြင်းဖြစ်သည်။ မီတာ ၄၀အထိရှည်လျားကာ ဟောင်ကောင်မှ ကျူတောတစ်ခုသို့ ရောက်ရှိသည်။

မှောင်ခိုဂိုဏ်းများက မိုဘိုင်းဖုန်းများနှင့် အခြားလျှပ်စစ်ပစ္စည်းများကို ဟောင်ကောင်သို့ တင်သွင်းရာ၌ ယင်းဥမင်ကိုအသုံးပြုရန် ရည်ရွယ်ကြသည်ဟု အာဏာပိုင်များက ယုံကြည်သည်။

ဟောင်ကောင်နှင့် တရုတ်ပြည်မကြီး၏ သွင်းကုန်ပစ္စည်းများအပေါ် အခွန်အကောက်စည်းကြပ်သည့်စနစ်မှာ ကွဲပြားခြားနားသည်။

မှောင်ခိုရောင်းဝယ်သူများသည် နယ်စပ်ဒေသမှ အခွန်အကောက်များကို ရှောင်တိမ်းခြင်းဖြင့် အမြတ်ငွေအမြောက်အများရရှိရန် ကြံဆောင်ကြသည်။

ရှင်ဇင်မြို့စွန် ချန်လန်ကျေးရွာ၌ လွန်ခဲ့သည့်သီတင်းပတ်အတွင်း၌ ၎င်းဥမင်လိုဏ်ခေါင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဒေသခံတစ်ဦးက လွန်တူးသည့်ဆူညံသံများကို တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းက မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်းများ လုပ်နေသည်ဟုယူဆခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။ ဥမင်ကိုကျွမ်းကျင်သူများ တူးဖော်ခြင်းဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ နီးပါး ရှိသည်ဟု တာဝန်ရှိသူများက ဖော်ပြသည်။

အာဏာပိုင်များက ယင်းဥမင်လိုဏ်ခေါင်းကို အင်္ဂါနေ့တွင် ဖျက်ဆီးခဲ့ပြီး လူတစ်ဦးကိုလည်း ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ **ဘီဘီစီ။**



မှောင်ခိုသမားများ အသုံးပြုရန် တူးဖော်ထားသော ဥမင်လိုဏ်ကို ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေကြစဉ်။

# ခရစ္စမတ်ပွဲတော်ကာလ မုန်တိုင်းများတိုက်ခတ် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့၌ လူငါးဦးသေဆုံး

**လန်ဒန် ဒီဇင်ဘာ ၂၅**

ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့၌ မိုးသက်မုန်တိုင်းများ ကျရောက်ခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးရကြောင်း၊ ခရစ္စမတ်ပွဲတော်ကာလ ခရီးသွားလာသူများမှာ အဆင်မပြေမှုများ တွေ့ကြုံကြရပြီး သိန်းနှင့်ချီသော ပြည်သူများမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ရင်ဆိုင်ကြရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

ခရစ္စမတ်ပွဲတော် အကြိုနေ့က မိုးသက်မုန်တိုင်းများ တိုက်ခတ်ခဲ့ပြီး အင်္ဂလန်အနောက်တောင်ပိုင်း ဒါ့ဗ္ဗန်မြို့၌ ရေစီးသန်သော မြစ်တစ်စင်းအတွင်း လိမ့်ကျသွားသော ခွေးတစ်ကောင်ကို ဆယ်ယူရန်ကြိုးပမ်းသူ အမျိုးသားတစ်ဦး ရေနစ်သေဆုံးခဲ့ရကြောင်း၊ ရာသီဥတုဆိုးရွားမှုကြောင့် မော်တော်ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ရာတွင် သုံးဦးသေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြင်သစ်နိုင်ငံ အနောက်မြောက်ဘက် ပင်လယ်ကမ်းလွန်၌ မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော ကုန်သင်္ဘောတစ်စင်းပေါ်မှ သင်္ဘောသားတစ်ဦး လိမ့်ကျခဲ့ပြီး သေဆုံးခဲ့ရသည်ဟု ယူဆရသည်။

ပြင်သစ်နိုင်ငံ ဘရစ်တန်နီဒေသ အနောက်မြောက်ဘက်ရှိ နေအိမ် ၁၄၅၀၀၀ ခန့်မှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် တွေ့ကြုံခဲ့ရသည်။ **ရိုက်တာ။**














# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း) စစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)သို့သွားရောက်ပြီး ရှင်းလင်းဆောင်၍ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ ပြည်ပမှ ကုမ္ပဏီသို့ စက်ရုံငှားရမ်းခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီသို့ငှားရမ်းသော်လည်း ဝန်ထမ်းများအနေဖြင့် အစိုးရအမှုထမ်းများအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ကျန်းမာရေး၊ ပညာရေးစသည့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ဌာနအလိုက် တာဝန်ရှိသူများပါဝင်သည့် ကော်မတီများ ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားကာ စက်ရုံအတွင်း ပျော့ဖတ်ချပ်ထုတ်လုပ်နေမှုနှင့်တစ်နေ့တန် ၆၀ ကျ သတင်းစာစက္ကူစက်ရုံ(စီမံကိန်း)လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(ဓါတ်ပုံ) (သတင်းစဉ်)**

# မင်္ဂလာဒုံမြို့နယ်၌ ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက်၊ ရောင်ခြည်ဦးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်ငြိမ်းအိ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းတင်နှင့် စာကြည့်တိုက်ကော်မတီနာယက ဦးကျော်ရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

အခမ်းအနားတွင် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးလှိုင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာအုပ်၊ စာစောင်များ လှူဒါန်းသည်။ ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများက စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များ၊ အများပြည်သူက လှူဒါန်းထားသော TV နှင့်အတူ စာကြည့်တိုက်အတွက် ပေးအပ်ထားသော Set Top Box ပြသနေမှုတို့ကိုလည်း ကြည့်ရှုကြသည်။

အဆိုပါစာကြည့်တိုက်မှာ အလျား ပေ ၂၀၊ အနံ ပေ ၂၀၊ သွပ်မိုး၊ ကွန်ကရစ်ခင်းဖြစ်ကြောင်း သိရသည်။

**(ဇင်ငြိမ်းအိ)**

# ကန့်ဘလူမြို့နယ် မင်းမြင်ကျေးရွာ ဆည်တော်ဦး အေးစေတီတော်

## ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မင်းမြင်ကျေးရွာ ဆည်တော်ဦး အေးစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီက အဆိုပါစေတီအနီးရှိ မဏ္ဍပ်တွင်ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ် သံဃနာယကအဖွဲ့ဝင် သာသနာဓဇမ္မာစရိယ ဘဒ္ဒန္တတေစိန္ဒာသာရ ဆရာတော်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်ပြီး ဆရာတော်အရှင်သူမြတ်များထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆက်ကပ်ကာ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်တို့ဖြင့် စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ်ပူဇော်သည်။ ဆက်လက်ပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်တို့ဖြင့် စေတီတော်ကြီးအား တင်လှူပူဇော်ပြီး ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မင်းမြင်ရေလှောင်တမံသို့ရောက်ရှိရာ ရေဝင်ရောက်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ပင်တည်းကျေးရွာ ရွာဦးကျောင်းဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျေးရွာ၏လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးပြီး ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကသာခရိုင် ကောလင်းမြို့နယ်အတွင်းရှိလမ်းအမှတ်(၁၁)ကတ္တရာလမ်း အရှည် ၅၂၅ ပေ၊ အကျယ် ၁၄ ပေနှင့် လမ်းအမှတ်(၁၂) ကတ္တရာလမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၄ ပေ၊ မြို့ပတ်လမ်း ကျောက်ချောလမ်း အရှည်ပေ ၂၈၀၀ ခင်းကျင်းနေမှုများအား ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ကောလင်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကာ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းတို့အား ကြည့်ရှုစစ်ဆေးပြီး ဆေးရုံသို့ တက်ရောက်၍ ဆေးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဆေးပဒေသာပင်ငွေများကို ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြေလင်း-ပေပင်စုကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ မှတ်တိုင်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပင်လည်ဘူးမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထောက်အကူပြု ကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက မိမိတို့ကော်မတီအလိုက် လုပ်ငန်းများနှင့်ပတ်သက်ပြီး လိုအပ်သည်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ မီးသတ်ဝတ်စုံများ၊ ကြက်ခြေနီဝတ်စုံများ၊ စစ်မှုထမ်းဟောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**









# ပညာရေးသည် တိုင်းပြည်၏အနာဂတ်

**ဒေါက်တာညွန့်သောင်း**

ပညာရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးတကြီး ဆောင်ရွက်လုပ်ကိုင်ရသော လုပ်ငန်းဖြစ်ကြောင်း ကမ္ဘာ့သူ ကမ္ဘာ့သားတို့ ပို၍ပို၍ သဘောပေါက်လာခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့ပါပြီ။ Knowledge Society ဟု ဆိုပါ၏။ လူ့အဖွဲ့အစည်းသည် ပညာလူ့အဖွဲ့အစည်းဖြစ်ရမည်ဆိုသည့်သဘော။ Learning Society ဟုလည်း ဆိုပါ၏။ လူ့အဖွဲ့အစည်းသည် ထာဝစဉ် လေ့လာသင်ယူနေရမည့် လူ့အဖွဲ့အစည်းဟူသည့် အနက်။ Knowledge Age ဟုလည်း ဆိုကြပါသေး၏။ ယနေ့ခေတ်သည် ပညာအခြေခံခေတ်ကြီးဖြစ်သည်ဟူသည့် အဓိပ္ပာယ်။

ကမ္ဘာ၌ LDC Watch အဖွဲ့ဟူ၍ရှိရာ Least Developed Country ဟုခေါ်သော ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ဆုံးနိုင်ငံများကို စောင့်ကြည့်သည့်အဖွဲ့ဖြစ်လေရာ ထိုအဖွဲ့က LDC အဖြစ် လျှောက်ကြားလာသည့် မြန်မာနိုင်ငံကို ၁၉၈၇ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ဆုံးနိုင်ငံအဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

**ပညာရေးလုပ်ငန်းသည် လူကိုပြုပြင်တည်ဆောက်ရသည့် လုပ်ငန်းဖြစ်ရာ တစ်ဦး၊ တစ်ယောက်၊ တစ်သင်း၊ တစ်ဖွဲ့တည်း၏ သဘောဖြင့်မလုပ်ဘဲ အားလုံးပါဝင်၊ အားလုံးဆွေးနွေး၊ အားလုံးဆုံးဖြတ်ပြီးမှ ပညာရေးဆိုင်ရာဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပြီး ခရီးဆက်ကြဖို့ ပြင်ဆင်ခြင်းသည် ကောင်းသောပြင်ဆင်မှုပင်ဖြစ်။**

နိုင်ငံတို့သည် မိမိတို့၏နိုင်ငံကို LDC အဖြစ်မှ ရုန်းထွက်နိုင်ရန်အတွက် ကြိုးပမ်းကြရပါသည်။ ထိုသို့ ကြိုးပမ်းရာ၌ လူသားတို့ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံကြရပါသည်။ Investment in Human Development ဟု ခေါ်ပါသည်။ ထိုရင်းနှီးမြှုပ်နှံမှုသည် ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်နှစ်ခု၌ အခြေခံပါသည်။ ယင်းအခြေခံနှစ်ရပ်ကို ကောင်းမွန်စွာ ရင်းနှီးမြှုပ်နှံပေးလိုက်လျှင် LDC ဘဝက လွတ်မြောက်သွားကြစမြဲဖြစ်ပါသည်။

ယခုအခါ မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်လာရန် အလို့ငှာ ပြင်ပအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက ကြိုးပမ်းလာကြသည်သာမက အစိုးရပိုင်းကပါ တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်ရန် ပြင်ဆင်လာသည်ကို တွေ့နေရပါသည်။

မကြာသေးမီရက်များဖြစ်သော ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က တက္ကသိုလ်စိန်ရတုသဘင်ခန်းမ၌ ပညာရေးမြှင့်တင်ဆောင်ရွက်မှုနှင့်ပတ်သက်၍ လုပ်ငန်းများ စတင်ရန် ပြင်ဆင်လာခဲ့သည်ကို တွေ့နိုင်ပါသည်။ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စာရင်းစစ်ချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန စသည်များအပြင် ရန်ကုန်မြို့နှင့်မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီများ၊ ပုဂ္ဂလိကကျောင်းများ၊ NGO များနှင့်ပါ ပူးပေါင်းကာ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးအတွက် ပူးတွဲလုပ်ငန်းအဖွဲ့(Working Group) ကိုဖွဲ့ကာ ချိတ်ဆက်ပြီး လုပ်ကိုင်သွားကြဖို့ စီစဉ်နေခဲ့သည်ကို တွေ့ရပါသည်။ ပညာရေးမြှင့်တင်မှုသည် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းနှင့်သာ သက်ဆိုင်သည့်သီးခြားနယ်ပယ်တစ်ရပ်မဟုတ်ဘဲ အခြားအခြားသော နယ်ပယ်များနှင့်ပါ ချိတ်ဆက်လုပ်ဆောင်ရကြောင်း နားလည်သဘောပေါက်ထားသည်မှာလည်း ကောင်းသောလက္ခဏာတစ်ရပ်ပင်ဖြစ်ပါသည်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီက လုပ်ငန်းကော်မတီများကိုလည်း ပြည့်ပြည့်စုံစုံပင် ဖွဲ့ထားပါသည်။ စုစုပေါင်း ၁၈ ဖွဲ့၊ မူကြိုအဖွဲ့၊ ဘုန်းတော်ကြီးသင်ပညာရေးအဖွဲ့၊ အခြေခံပညာအဖွဲ့၊ ဆရာအတတ်သင်အဖွဲ့၊ ကလေးဗဟိုပြုချဉ်းကပ်နည်းအဖွဲ့၊ ကျောင်းပြင်ပပညာရေးအဖွဲ့၊ အဆင့်မြင့်ပညာအဖွဲ့၊ ကျန်းမာရေးပညာအဖွဲ့၊ အသက်မွေးဝမ်းကျောင်းပညာအဖွဲ့၊ စိုက်ပျိုး၊ မွေးမြူ သစ်တောပညာအဖွဲ့၊ သတင်းနည်းပညာနှင့် ဆက်သွယ်ရေးအဖွဲ့၊ သင်ရိုးညွှန်းတမ်းအဆင့်မြင့်အဖွဲ့၊ အခြေခံအဖွဲ့ စသည်တို့အပြင် ဥပဒေပြုစုရေးအဖွဲ့၊ စီမံခန့်ခွဲမှုဆိုင်ရာအရည်အသွေးမြှင့်တင်ရေးအဖွဲ့၊ ဝန်ထမ်းစွမ်းရည်မြှင့်တင်အကဲဖြတ်အဖွဲ့၊ အသုံးချသုတေသနလုပ်ငန်းမြှင့်တင်ရေးအဖွဲ့၊ ပညာရပ်ဆိုင်ရာရပ်ပတ်ဝန်းကျင်ကောင်းများ ကြီးကြပ်ဖြည့်ဆည်းရေးအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းထားခဲ့ရာ လုပ်ငန်းအဖွဲ့အလိုက် အမှန်တကယ် အကောင်အထည်ဖော်နိုင်ခဲ့လျှင် ပညာရေးမြှင့်တင်မှုကဏ္ဍ၌ မုချအောင်မြင်လိမ့်မည်ဟု ခန့်မှန်းနိုင်ပါသည်။

ထိုသို့ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့သည် ပြည်သူတစ်ရပ်လုံးကိုမူ ကိုယ်စားမပြုနိုင်သေးပါ။ ဒေသန္တရအဆင့်၌ အားလုံးပါဝင်အောင်ဖိတ်ခေါ်၍ ဆွေးနွေးကြရမည်ဖြစ်ပါသည်။ ပါတီအဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်များ၊ NGO များ၊ INGO များကအစ ပါဝင်နိုင်အောင်လည်း ပြင်ဆင်ထားကာ ပြည်သူကို ချပြပြီးနောက်တွင်မှ အများဆန္ဒနှင့်အညီ ရှေ့သို့ဆက်သွားကြရန်လည်း ပြင်ဆင်ထားသည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။

ပညာရေးလုပ်ငန်းသည် လူကိုပြုပြင်တည်ဆောက်ရသည့်လုပ်ငန်းဖြစ်ရာ တစ်ဦး၊ တစ်ယောက်၊ တစ်သင်း၊ တစ်ဖွဲ့တည်း၏ သဘောဖြင့်မလုပ်ဘဲ အားလုံးပါဝင်၊ အားလုံးဆွေးနွေး၊ အားလုံးဆုံးဖြတ်ပြီးမှ ပညာရေးဆိုင်ရာဥပဒေတစ်ရပ်ကိုပြဋ္ဌာန်းပြီး ခရီးဆက်ကြဖို့ပြင်ဆင်ခြင်းသည် ကောင်းသောပြင်ဆင်မှုပင်ဖြစ်ပါသည်။

ယနေ့မျိုးဆက်သစ်များ၏ အနာဂတ်သည်ပင် တိုင်းပြည်၏အနာဂတ်ဖြစ်ပေရာ ကောင်းမွန်သောအနာဂတ်ကို ထုဆစ်နိုင်ပါစေကြောင်း ဆန္ဒပြုရပါသည်။ ။

## ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆောင်ရွက်

**ကျိုက်ထို ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်စံပြကျေးရွာတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမျိုးသီဟထွန်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ သိမ်ဇရပ်အရန်မီးသတ်တပ်ဖွဲ့မှ တပ်ခွဲမှူး ဦးခင်ဝေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ရန်ကုန်-မော်လမြိုင် ကားလမ်းဘေးဝဲ၊ ယာရှိ ဆိုင်ခန်းများနှင့် ပြည်သူ့ဈေးအတွင်းနှင့် ဈေးအပြင်ရှိ ဆိုင်ခန်းများ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် စစ်ဆေးခြင်း၊ ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားသော မီးသတ်ယာဉ်ဖြင့် သရုပ်ပြလေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ရဲခေါင်ဦး)**




## (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဉမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံ၏ လျှပ်စစ်ကွန်ရက်ရောက်ရှိမှု တိုးတက်စေရန် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပထမဆုံးစီမံချက် ချေးငွေစတင်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအင်ဖွံ့ဖြိုးသည့် ကွန်ရက်များ ပြန်လည်မြှင့်တင်နိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၆၀ ဖြင့် တိုင်းဒေသကြီးလေးခုအတွင်းရှိ အိမ်ထောင်စုပေါင်းလေးသိန်းရှစ်သောင်းအတွက် လျှပ်စစ်စွမ်းအင်ရရှိနိုင်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"လျှပ်စစ်ရရှိနိုင်မှုက တိုင်းပြည်တိုးတက်ဖို့အတွက် အလွန်အရေးကြီးပါတယ်။ လက်ရှိ လျှပ်စစ်အဆောက်အအုံတွေကို အားကောင်းအောင်လုပ်ပြီး ပြုပြင်မှုတွေလုပ်လိုက်ရင် စွမ်းအင်ဆုံးရှုံးမှုလျော့သွားမယ့်အပြင် အရင်းအမြစ်များကို ပိုမိုအကျိုးရှိစွာ သုံးစွဲနိုင်မှာဖြစ်တဲ့အတွက် လျှပ်စစ်စွမ်းအင်ကို ပိုပြီး မြန်မြန်ဆန်ဆန်ရရှိနိုင်မှာဖြစ်ပါတယ်" ဟု ADB ၏ ဒုတိယဉက္ကဋ္ဌ Mr.Stephen Groff က ပြောကြားသည်။

မြန်မာနိုင်ငံ၏ သက်တမ်းကြာမြင့်နေသော လျှပ်စစ်စနစ်ဖြန့်ဝေရေးစနစ်တွင် နည်းပညာပိုင်း၊ နည်းပညာနှင့်မသက်ဆိုင်သော ဆုံးရှုံးမှုသည် ၂၀၁၂ ခုနှစ်တွင် ၁၈ ဒသမ ၂ ရာခိုင်နှုန်းခန့်ရှိပြီး စုစုပေါင်း ထုတ်လုပ်မှု၏ ငါးပုံ တစ်ပုံနီးပါး ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ချေးငွေအား လျှပ်စစ်သယ်ယူရေးလုပ်ငန်း ပြန်လည်မြှင့်တင်ရန်နှင့် ပိုမိုထိရောက်စေရန် အသုံးပြုမည့်အပြင် လျှပ်စစ်ခွဲရုံများ အဆင့်မြှင့်တင်ခြင်း၊ ဖြန့်ဝေရေးဓာတ်အားလိုင်းများ အစားထိုးခြင်း၊ ထရန်စဖော်မာများ အစားထိုးခြင်းနှင့် ဒစ်ဂျစ်တယ်အခွန်မီတာများ အဆင့်မြှင့်တင်ခြင်းတို့အတွက် သုံးစွဲသွားမည်ဖြစ်ပြီး အဆိုပါ စီမံချက်ကြောင့် လျှပ်စစ်ဖြန့်ဝေမှုတွင် ဆုံးရှုံးမှုကို လေးရာခိုင်နှုန်းလျော့နည်းစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံချက်ကို ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စတင်မည်ဖြစ်ပြီး အကြီးစား၊ အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများတိုးချဲ့ခြင်း၊ လူနေမှုအခြေအနေများ တိုးတက်လာခြင်း၊ ဆေးခန်းနှင့် စာသင်ကျောင်းကဲ့သို့ ရပ်ရွာဝန်ဆောင်မှုများ တိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။ **(စံကားဝါ)**

## လှိုင်သာယာအရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၈၀ အတွက် တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်သူတို့၏အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးတွင် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသော လှိုင်သာယာမြို့နယ်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၈၀ အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးတို့က အရန်မီးသတ်တပ်ခွဲ (၁/၂/၃) နှင့် တပ်ခွဲ(၄/၅)တို့၏ကိုယ်စား တပ်ခွဲမှူးများအား တူညီဝတ်စုံပြည့် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၃၂၉)**

# ကသာခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပင်လည်ဘူး-ဖောင်းပြင်လမ်း မူးမြစ်ကူးတံတားအရှည် ပေ ၆၆၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ**(ယာပုံ)** လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် လေးထပ်မာန်အောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့က ပရဟိတဂေဟာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ရွှေကျောင်း ကျောင်းတိုက်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပင်လည်ဘူးမြို့နယ် ပန်းခူးကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ စာစောင်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထိုမှတစ်ဆင့် ပင်လည်ဘူး-ဝန်းသိုလမ်းဘေးရှိ ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဝန်းသိုမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး မှန်ကင်းနှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ကျောင်းဆောင်သစ်အား တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထိန်မင်းနှင့် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဘုန်းကြွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နဝမတန်း ကျောင်းသားကျောင်းသူများက မှန်ကင်းကျောင်းဆောင်သစ် ဆိုင်းဘုတ်အား ရောင်စုံပန်းကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။



ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယပိုင်းအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးထံ ကျောင်းဆောက်လုပ်ရေးကော်မတီဝင်တစ်ဦးက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ ကျောင်းကော်မတီဝင်များက ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ်အလံများအား အသီးသီးပေးအပ်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ စာစောင်များကို ထောက်ပံ့ပေးအပ်ရာ ကျောင်းဆောက်လုပ်ရေးကော်မတီဝင် ဦးမြင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ မှန်ကင်းနှစ်ထပ်ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၂၄ ပေ အာစီအုတ်ညှပ်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၄၇၅ သိန်းဖြစ်သည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန်ကျီးပင်ကျေးရွာ တောင်ပေါ်ရှိ လေးကျွန်းမာန်အောင် စေတီတော်ကြီးနှင့် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး စေတီပတ်ဝန်းကျင် သန့်ရှင်းသာယာရေးတို့ကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နန်းခမ်းကျေးရွာ တိုက်နယ်ဆေးရုံဆောက်လုပ်နေမှု၊ ဝန်းသို-အင်းတော်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

# ချင်းတွင်းမြစ်အနောက်ဘက်ခြမ်း ကုန်စည်စီးဆင်းမှု မြန်ဆန်စေမည့် အောင်ဇေယျ-ကက်သာလမ်း ဖောက်လုပ်လျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမြို့နယ်များနှင့် နယ်စပ်ဒေသ တမူးမြို့မှတစ်ဆင့် ကလေး-မုံရွာမြို့များသို့ ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်စွာဝင်ထွက်သွားလာနိုင်မည့် တမူးမြို့နယ် အောင်ဇေယျကျေးရွာမှ ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ကက်သာကျေးရွာသို့ ၃၈ မိုင်ဝေးသောကားလမ်းကိုဖောက်လုပ်လျက်ရှိသည်။**(ယာပုံ)**အောင်ဇေယျ-ကက်သာလမ်း ပိုင်းကောင်းမွန်ရေးအတွက် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကျပ်သန်းပေါင်း ၈၇၅ သန်းချထားပေးရာ Astro World နှင့် MIT ကုမ္ပဏီတို့က တာဝန်ယူ ခင်းကျင်းဆောင်ရွက်နေခြင်းဖြစ်ပြီး တစ်ကြောင်းထိုးလမ်းဖောက်လုပ် ပြီးစီးပြီဖြစ်ရာ မော်တော်ယာဉ်များ သွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။ လမ်းအဆင့်မြှင့်တင်ခြင်းကို Astro World က မြေသားလမ်းပေ ၃၀ အကျယ်ဖြင့် မိုင် ၂၀ ကို တာပေါင်တင်ဆောင်ရွက်လျက်ရှိပြီး MIT ကုမ္ပဏီက ချောင်းကျောက်ဖြင့် အမာခံလမ်း ဖောက်လုပ်ခင်းကျင်းနေခြင်းကို မိုင် ၂၀ ဆောင်ရွက်သွားမည်ဖြစ်ကာ လမ်းအားလုံးပြီးစီးသွားပါက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ဟုမ္မလင်းမြို့မှ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကက်သာသို့ ကူးခါး ၃၈ မိုင် တစ်ဖာလုံ ကွာဝေးသည့် အောင်ဇေယျကျေးရွာ၊ ထိုမှ တမူး-စေတီကားလမ်း ၄၂ မိုင် ခြောက်ဖာလုံရှိ တမူးမြို့သို့ ရောက်ရှိကာ တမူး-ကလေး- ကလေးဝ-မုံရွာမြို့များသို့ လွယ်လင့်တကူ သွားရောက်နိုင်မည် ဖြစ်သည်။



"ချင်းတွင်းမြစ်ရဲ့အရှေ့ဘက်ကမ်းမှာရှိတဲ့ ဟုမ္မလင်းက ကမ်းရဲ့အနောက်ဘက်မှာရှိတဲ့ ကက်သာထက် စီးပွားရေး၊ လူမှုရေးကအစ အစစအရာရာတိုးတက်ပါတယ်။ ချင်းတွင်းမြစ်တစ်လျှောက်ကြည့်လိုက်ရင် ကမ်းရဲ့အနောက်ဘက်ကထက် ပြည်တွင်းနေရာများနဲ့ တစ်ဆက်တည်းရှိတဲ့ ကမ်းရဲ့ အရှေ့ဘက်ဒေသတွေက တိုးတက်တာ တွေ့ရပါတယ်။ အခုလို ချင်းတွင်းမြစ် အနောက်ဘက်ခြမ်း ဒေသသွားလာမှုတွေကို ကောင်းမွန်အောင် ဆောင်ရွက်တာဟာ လုပ်တဲ့လမ်းတင်မကပါဘူး၊ ဆက်စပ်နေတဲ့ ဒေသတွေအားလုံး ဖွံ့ဖြိုးဖို့ အထောက်အကူအများကြီး ဖြစ်စေပါတယ်" ဟု ချင်းတွင်းမြစ်တစ်လျှောက် ကုန်သွယ်နေသူ ကုန်သည်တစ်ဦးက ပြောပြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**လားရှိုး ဒီဇင်ဘာ ၂၅**

တပ်ဖွဲ့စု(၂၄)လားရှိုးမှ ရဲအုပ်ဇော်လင်းကျော်ဦးစီးသည့်အဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက်တွင် လားရှိုးမြို့ ရပ်ကွက် (၆) ခိုင်ရွှေဝါလမ်းမပေါ်၌ မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်အမှတ် လရ/----- KENBO မောင်းနှင်လာသော လီစင်(၄၅)နှစ်ကို ရှာဖွေစစ်ဆေးရာ ပလတ်စတစ်အိတ်ဖြင့်ထည့်ထားသော ဘိန်းဆီခဲ ၂၄၀ ဂရမ်ကိုလည်းကောင်း၊ ဆက်စပ်သတင်းများအရ လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁၉) တွင်နေထိုင်သူ လော့ပေါင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ လော့ပေါင်းမှာ အိမ်မှထွက်ပြေး၍ မသင်္ကာသဖြင့် ဆက်လက်စစ်ဆေးရာ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ဘိန်းဖြူမှုန့် ၁၀ ဒသမ ၅ ဂရမ်ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် လားရှိုးမူးယစ်တပ်ဖွဲ့စု(၂၄)မှ ရဲအုပ်ငြိမ်းချမ်းစိုးဦးစီးသည့်အဖွဲ့သည် လားရှိုးမြို့ ရပ်ကွက်(၁၂) လေယာဉ်ကွင်းလမ်းဆုံတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းဝယ်နေသည်ဟု သတင်းရရှိ၍ စောင့်ဆိုင်းနေစဉ် လှအောင်၊ နန်းအေးရင်နှင့် အိုက်ကောတို့ ဆိုင်ကယ်ဖြင့်ရောက်ရှိလာသဖြင့် ဝိုင်းဝန်းပိတ်ဆို့ရှာဖွေရာ နန်းအေးရင်၏ ပိုက်ဆံအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ စုစုပေါင်း သိန်း ၂၀၀ ခန့်ရှိပြီး လားရှိုးမူးယစ်နယ်မြေခံရဲစခန်းမှ မူး/စိတ် ၁၅/၁၉(က)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# သစ်လုံးတင်ယာဉ် အရှိန်လွန်တိမ်းမှောက်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်မြို့ ဒေါပုံမြို့နယ်ရှိ ရှုခင်းသာပန်းခြံရှေ့၌ ဒီဇင်ဘာ ၂၄ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် သစ်လုံးများတင်ဆောင်လာသည့် ယာဉ်တိမ်းမှောက်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် ယာဉ်အမှတ် ၇င/----- နစ်ဆန်းအမျိုးအစား သစ်လုံးတင်ယာဉ် ၁၀ ဘီးယာဉ်သည် ဒေါပုံမြို့နယ် ယမုံနာလမ်းမကြီးပေါ်၌ အနောက်မှ အရှေ့သို့ မောင်းနှင်လာရာ ရှုခင်းသာပန်းခြံရှေ့ ကွေ့နားအရောက်တွင် အရှိန်လွန်တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါ အမှုနှင့်ပတ်သက်၍ ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၉/၂၀၂ ဖြင့် တရားစွဲဆို အရေးယူထားပြီး ယာဉ်မောင်းအား ဖမ်းဆီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သီဟသူ)**





# ပြည်သူ့အသံများအပါအဝင် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နိုင်ငံတကာဆက်ဆံရေးစတဲ့ ရှုထောင့်မျိုးစုံကို ခြုံငုံစဉ်းစားပြီး ပြုပြင်ဖို့လိုတဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်

လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်း စီမံကိန်းအတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်အစီရင်ခံစာ (ESIA Report) နှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးအား သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို အောက်ပါအတိုင်းဖော်ပြလိုက်ပါသည်-

**မေး။ ။လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဆိုင်ရာ စုံစမ်းစစ်ဆေးအကောင်အထည်ဖော်ဆောင်ရွက်ရေးနဲ့ ပတ်သက်လို့ ဆောင်ရွက်ခဲ့ရတဲ့ နောက်ခံသမိုင်းကြောင်းလေးနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။၂၃-၁၁-၂၀၁၂ ရက်နေ့က ကျင်းပခဲ့တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ အရေးကြီးအဆိုအပေါ် မူတည်ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနဲ့ပတ်သက်လို့ ကြေးနီမိုင်းလုပ်ငန်းဆက်လက်လုပ်ဆောင်ခွင့်ပြုသင့်/မသင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံးရဲ့အမိန့်ကြော်ငြာစာအမှတ်၊ ၉၅/၂၀၁၂ နဲ့ ၃-၁၂-၂၀၁၂ ရက်နေ့မှာ ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင် (၁၆) ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။

စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်တွေအနေနဲ့ ဒီစီမံကိန်းနဲ့ပတ်သက်လို့ ကျေးရွာလူထုခံစားနေရတဲ့ ပြည်သူ့အသံများအပါအဝင် စီမံကိန်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို အဖွဲ့များဖွဲ့စည်းစုံစမ်းပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နိုင်ငံတကာဆက်ဆံရေး စတဲ့ရှုထောင့်မျိုးစုံကို ခြုံငုံစဉ်းစားပြီး ပြုပြင်ဖို့လိုတဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်စေပါတယ်။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ဆက်လက်ဆောင်ရွက်စေသင့်ပါကြောင်း စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာမှာ အကြံပြုတင်ပြခဲ့ပါတယ်။

အဲဒီအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနဲ့ ပတ်သက်တဲ့ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မယ့်ကော်မတီကို နိုင်ငံတော်သမ္မတရုံးရဲ့ ၁၁-၃-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၈/၂၀၁၃ နဲ့ ဖွဲ့စည်းခဲ့ပါတယ်။

အဲဒီကော်မတီအောက်မှာ သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနဲ့ ပြန်လည်တည်ဆောက်ခြင်းအဖွဲ့ဆိုပြီး အဖွဲ့လေးဖွဲ့ကို ထပ်မံဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ထပ်မံဖွဲ့စည်းခဲ့တဲ့ အဖွဲ့လေးဖွဲ့အနက် ဘယ်အဖွဲ့မှာ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ် ပါဝင်ပါသလဲ။ ပါဝင်တဲ့ တခြားအဖွဲ့ဝင်တွေကိုလည်း သိလိုပါတယ်။**

ဖြေ။ ။ကျွန်တော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ပါဝင်ပါတယ်။ ဒီအဖွဲ့မှာ အဖွဲ့ခေါင်းဆောင်က သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်ဖြစ်ပါတယ်။ ဒုတိယအဖွဲ့ခေါင်းဆောင်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က သစ်တော၊ သတ္တုဝန်ကြီး ဦးသန်းထိုက်၊ အတွင်းရေးမှူးက သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်ဖြစ်ပါတယ်။ အခြားအဖွဲ့ဝင်တွေကတော့ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းသန်းညွှန့်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးထွန်းတို့ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ စုစုပေါင်းအဖွဲ့ဝင်ခြောက်ဦးပါဝင်ပါတယ်။

**မေး။ ။လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် ရေးဆွဲထားတဲ့ ပတ်ဝန်းကျင်နဲ့ လူမှုရေးထိခိုက်မှုဆန်းစစ်ချက် အစီရင်ခံစာ (Environment and Social Impart Assessment Report- ESIA Report)ရေးဆွဲ အကောင်အထည်မဖော်မီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့အညီ ဆောင်ရွက်စေဖို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အနေနဲ့ ဘယ်လိုစတင်ကြိုးပမ်းဆောင်ရွက်ခဲ့သလဲဆိုတာ ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ။၁၁-၄-၂၀၁၃ ရက်နေ့က နေပြည်တော် Mount Pleasant Hotel မှာ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ Myanmar Wanbo Mining Cooper Ltd. တို့မှ တာဝန်ရှိသူတွေ၊ တတိယအဖွဲ့အစည်းဖြစ်တဲ့ Khight Ple'sold Pty Ltd.(K.P)မှ တာဝန်ရှိသူတွေ ပါဝင်တဲ့ ESIA အစီရင်ခံစာတင်ပြနိုင်ရေးနဲ့ စပ်လျဉ်းတဲ့ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပါတယ်။ ESIA အစီရင်ခံစာကို ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း တင်ပြနိုင်ရေးဆောင်ရွက်သွားဖို့ ညှိနှိုင်းခဲ့ကြပါတယ်။

၃၀-၄-၂၀၁၃ ရက်နေ့မှာ K.P မှ စီမံကိန်းဒေသရဲ့အခြေခံသတင်းအချက်အလက်တွေအပေါ် အခြေပြုပြီး Scoping Study Report နဲ့ ESIA ရေးဆွဲရန် Terms of Reference (TOR)တို့ကို ကော်မတီသို့ ပြန်လည်တင်ပြခဲ့ပါတယ်။



**ဦးနေအေး (ညွှန်ကြားရေးမှူးချုပ်)**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။**

အဲဒီ (TOR) အစီရင်ခံစာတွေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က လေ့လာဆန်းစစ်ခဲ့ပြီး ၁၁-၆-၂၀၁၃ ရက်နေ့နဲ့ ၁၄-၆-၂၀၁၃ ရက်နေ့တွေမှာ ကုမ္ပဏီက တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး အချက် ၂၆ ချက် ကို ထပ်မံထည့်သွင်းဖြည့်စွက်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။

စီမံကိန်းဒေသအတွင်း ကနဦးတည်ဆောက်ရေးကာလမှာ သဘာဝပတ်ဝန်းကျင်နဲ့လူမှုစီးပွားရေးကို ထိခိုက်ဖို့အလားအလာရှိတဲ့ အခြေအနေတွေ လျော့နည်းစေဖို့အတွက် လိုက်နာဆောင်ရွက်သင့်တဲ့ ကိစ္စရပ်တွေနဲ့ပတ်သက်တဲ့ Construction Environmental and Social Management System-CESMS အစီရင်ခံစာကို K.P က ၁၁-၆- ၂၀၁၃ ရက်နေ့မှာ ပြုစုတင်ပြခဲ့ပါတယ်။ CESMSအပေါ် ပြင်ဆင်ဖြည့်စွက်ဖို့လိုအပ်တဲ့ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ၁၉-၇-၂၀၁၃ ရက်နေ့မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့နဲ့ K.P မှ တာဝန်ရှိသူများ ရန်ကုန်မြို့မှာ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး K.P မှပြင်ဆင်ပြီးဖြစ်တဲ့ CESMS အစီရင်ခံစာကို ၂-၉-၂၀၁၃ ရက်နေ့မှာ ပြန်လည်တင်ပြခဲ့ပါတယ်။

**မေး။ ။ ESIA အစီရင်ခံစာ တင်ပြလာခြင်းနဲ့ ပတ်သက်တဲ့ အခြေအနေလေးကိုလည်း သိပါရစေ။**

ဖြေ။ ။ ESIA အစီရင်ခံစာကို ၁၂-၉-၂၀၁၃ ရက်နေ့ကစတင်ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနဲ့ ပတ်သက်တဲ့ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မယ့်ကော်မတီကို အပိုင်းလိုက်တင်ပြခဲ့ပါတယ်။

၂၀-၁၀-၂၀၁၃ ရက်နေ့မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူးနဲ့ K.P မှ ပညာရှင်များ၊ မြန်မာဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူတွေတွေ့ဆုံပြီး ESIA အစီရင်ခံစာ အပြီးသတ်ပြုစုနိုင်ရေးကိစ္စရပ်တွေ ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးချက်တွေအရ K.P မှ ESIA အစီရင်ခံစာနဲ့ ဆက်စပ်တဲ့ နောက်ဆက်တွဲအခန်းတွေကို ၁၉-၁၁-၂၀၁၃ ရက်နေ့မှာ အပြီးသတ်ပြုစုတင်ပြခဲ့ပါတယ်။

**မေး။ ။ESIA အစီရင်ခံစာဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွေ ကျင်းပခဲ့တဲ့အခြေအနေကိုလည်းသိပါရစေ။**

ဖြေ။ ။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းရဲ့ ESIA အစီရင်ခံစာ (မူကြမ်း)ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတွေထံ တင်ပြတဲ့ညှိနှိုင်းဆွေးနွေးပွဲကို ၁၉-၁၁-၂၀၁၃ ရက်နေ့နဲ့ ၂၁-၁၁-၂၀၁၃ ရက်နေ့တွေမှာ နေပြည်တော် Mount Pleasant Hotel မှာ ကျင်းပခဲ့ပါတယ်။

အဲဒီဆွေးနွေးပွဲမှာ ESIA အစီရင်ခံစာ (မူကြမ်း) အကျဉ်းချုပ်ကို K.P မှ ပညာရှင်က ရှင်းလင်းတင်ပြခြင်းအပေါ် ဆွေးနွေးခြင်းနဲ့ ESIA အစီရင်ခံစာအား စိစစ်သုံးသပ်အတည်ပြုချက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်တွေအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

ဆက်လက်ပြီး ၂၆-၁၁-၂၀၁၃ ရက်နေ့မှာ ဆားလင်းကြီး မြို့နယ် Myanmar Wanbo Mining Cooper Ltd. အစည်းအဝေးခန်းမမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် Myanmar Wanbo Mining Cooper Ltd. တို့ ESIA အစီရင်ခံစာအတည်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်တွေနဲ့ ESIA အစီရင်ခံစာနဲ့ပတ်သက်လို့ပြည်သူလူထုကို ရှင်းလင်း၊အသိပေးတင်ပြသွားဖို့ကိစ္စရပ်တွေကို ဆက်လက်ဆွေးနွေးခဲ့ကြပါတယ်။

**စာမျက်နှာ ၁၁ သို့ ❖**
























## ရွှေကုန်သည်များအား အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ စီးပွားရေးဖွံ့ဖြိုးမှုဇုန်တွင် ဖွင့်လှစ်ထားသော အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း(ရန်ကုန်)ကို ၂၅-၁၂-၂၀၁၃ရက်မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။ ပြန်လည်ဖွင့်လှစ်မည့်ရက်ကို ထပ်မံအသိပေးကြေညာပါမည်။

ဦးသူတော်[၉/မရတ(နိုင်)၀၅၉၅၄၆]
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း)
အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း





## သင် JAPAN နိုင်ငံသို့ အလုပ်/ကျောင်း ဖြင့်သွားလိုလျှင်



ဂျပန်နိုင်ငံရှိ CHIBA KEN, MIYAGI KEN, IBARAKI KEN မြို့များရှိ ရေထွက် ကုန်ထုတ်လုပ်ငန်း စက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်ရန် ၂၀၁၄ခုနှစ်၊ ၅လပိုင်းအတွက် အမျိုးသား (၁၂)ဦး၊ အမျိုးသမီး (၅)ဦး အသက်(၂၀)နှစ်မှ (၃၅)နှစ်ကြား ကျန်းမာသန်စွမ်းသူ အထွေထွေလုပ်သားများ အမြန်အလိုရှိသည်။

*ဂျပန်စကားပြောတတ်သူ ဦးစားပေးမည်။
*လုပ်ငန်းလိုအပ်ချက်အရ မျက်မှန်တပ်ဆင်သူ၊ ဘယ်သန်မဖြစ်ရ။
*အလုပ်ချိန်။ ။ တစ်နေ့ (၈)နာရီ
*လစာ။ ။ တစ်နာရီ ယန်း(၇၁၃)+အချိန်ပို
ဖောင်ပိတ်ရက်။ ။ ၂၀-၁-၂၀၁၄

- ဂျပန်နိုင်ငံ Shibuyaku Tokyo ရှိ AOYAMA SCHOOL OF JAPANESE တွင် ကျောင်းတက်ရင်း အလုပ်လုပ်လိုသူများ (Japanese N3 Level)
- N3 အောင်မြင်ပြီး၊ ရုံးလုပ်ငန်းတွင်ကွန်ပျူတာအသုံးပြုနိုင်သော ကျား/မ (၂)ဦး (ရွှေလွင်လွင်ကုမ္ပဏီ၊ ပြည်တွင်း၌သာခန့်ထားရန်)
- N2 အောင်မြင်ပြီး ဂျပန်စာ သင်ကြားပေးနိုင်သော အတွေ့အကြုံရှိ ကျား/မ(၂)ဦး (ရွှေလွင်လွင်ကုမ္ပဏီ၊ ပြည်တွင်း၌သာခန့်ထားရန်)
(အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကုမ္ပဏီရုံးခန်းသို့ လာရောက်စုံစမ်းနိုင်သည်)

ဆက်သွယ်ရန်။ ။**Building(C),Room(101),Delta Plaza, Shwegonedaing Road, Bahan Township, Yangon.**
**Tel,:01-557570(fax), 01-8604948, 09-8303939**

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၁၀ မှ

**မေး။ ။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပြုစုတင်ပြတဲ့ ESIA Report နဲ့ပတ်သက်လို့ ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေကို သိပါရစေ။**

ဖြေ။ ။ ESIA Report ကို စိစစ်သုံးသပ်အတည်ပြုနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ Myanmar Wanbo Mining Cooper Ltd. တို့မှ သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် ESIA Report ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနကို ပေးပို့သွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ စိစစ်ပြီးသွားတဲ့အခါ စိစစ်သုံးသပ်ချက်တွေကို အဆင့်ဆင့်ပြန်လည်ပေးပို့အသိပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့မှု အခြေအနေလေး သိပါရစေ။**

ဖြေ။ ။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနရဲ့ တင်ပြချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၈-၈-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၀၆၄၀/၃၀၉ ဖွဲ့စည်းခွင့် ၃-၃၈/အဖရ(၂၀၁၃)နဲ့ အဖွဲ့ဝင် ၃၉ ဦးပါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။

ဒီလိုစိစစ်သုံးသပ်ရာမှာ လိုအပ်ရင် ပြင်ပကျွမ်းကျင်ပညာရှင်တွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက သင့်လျော်တဲ့ ကိုယ်စားလှယ်တွေကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ ESIA Report ကို ဘယ်အဖွဲ့အစည်းက အတည်ပြုပြန်ကြားသွားမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ESIA Report ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ လမ်းညွှန်ချက်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက အတည်ပြုပြန်ကြားသွားမှာဖြစ်ပါတယ်။

**မေး။ ။ ESIA Report ကို တရားဝင်လက်ခံမယ့်နေ့ရက်နဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက လက်ခံရရှိတဲ့နေ့ကို တရားဝင်လက်ခံတဲ့နေ့ရက်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ESIA Report ကို စတင်လက်ခံပြီးတဲ့အချိန်ကနေ အတည်ပြုပြန်ကြားမယ့်နေ့ရက်အထိ ဘယ်လောက်ကြာကြာ အချိန်ယူဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ESIA Report ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက လက်ခံရရှိတဲ့နေ့မှစပြီး ရက်ပေါင်း ၉၀ အတွင်း အတည်ပြုပြန်ကြားသွားမှာဖြစ်ပါတယ်။

**မေး။ ။ ESIA Report တရားဝင်လက်ခံရရှိပြီးနောက်မှာ စိစစ်သုံးသပ်ရေးအဖွဲ့အနေနဲ့ ဘယ်လိုလုပ်ဆောင်သွားမှာပါလဲ။**

ဖြေ။ ။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့အနေနဲ့(အခန်းလိုက်ဖြစ်စေ၊လုပ်ငန်းအဖွဲ့ခွဲလိုက်ဖြစ်စေ၊ ဘာသာရပ်အလိုက်ဖြစ်စေ၊ အခြားသင့်တော်တဲ့ နည်းလမ်းဖြင့်ဖြစ်စေ) စိစစ်သုံးသပ်ပြီး သုံးသပ်တွေ့ရှိချက်၊ အကြံပြုချက်တွေကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ Myanmar Wanbo Mining Cooper Ltd. နဲ့ K.P သို့ အကြောင်းကြားသွားမှာဖြစ်ပါတယ်။

စိစစ်သုံးသပ်ရေးအဖွဲ့အနေနဲ့ ESIA Report အားပြည်သူလူထုသို့ အသိပေးရှင်းလင်းတင်ပြခြင်းဆိုင်ရာ ဆွေးနွေးမှုတွေကိုလည်း အခြားအဖွဲ့အစည်းများနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ ESIA Report နဲ့ပတ်သက်ပြီး ပြည်သူလူထုကို ရှင်းလင်း၊ အသိပေးတင်ပြဖို့အတွက် ဘယ်အဖွဲ့အစည်းတွေက ဆောင်ရွက်သွားမလဲဆိုတာကိုလည်း သိပါရစေ။**

ဖြေ။ ။ စီမံကိန်းအဆိုပြုသူအနေနဲ့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ အစီရင်ခံစာကို လူမှုအဖွဲ့အစည်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနဲ့ အခြားသက်ဆိုင်သူများသိရှိနိုင်ရန် ထုတ်ဖော်ကြေညာသွားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ထုတ်ပြန်တဲ့အဖွဲ့ဝင် ၃၉ ဦးပါ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းခွင့်ပြုမိန့်မှာ ဖော်ပြထားတဲ့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်များ အပိုဒ်(ထ)မှာ "သက်ဆိုင်ရာစီမံကိန်း ဧရိယာများသို့ ကွင်းဆင်းစိစစ်ခြင်း၊ စီမံကိန်းဆိုင်ရာ ဆက်စပ်ပါဝင်ပတ်သက်သူများ၊ အဖွဲ့အစည်းများ၊ ဒေသခံလူထုများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သဘောထားများရယူခြင်း"လို့ ပါရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့လည်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို လက်ခံရရှိတဲ့အခါ အဲဒီအစီရင်ခံစာကို အများပြည်သူသိရှိစေဖို့ ထုတ်ဖော်ကြေညာသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အနေနဲ့လည်း ESIA Report နဲ့ ပတ်သက်ပြီး ပြည်သူလူထုကို ရှင်းလင်းအသိပေးတင်ပြသွားဖို့ လိုအပ်တဲ့အုပ်ချုပ်မှု ကိစ္စရပ်တွေအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဒါကြောင့်ပြည်သူလူထုကို ESIA Report နဲ့ပတ်သက်လို့ အသိပေးတင်ပြသွားဖို့အတွက် စီမံကိန်းအဆိုပြုတဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ Myanmar Wanbo Mining Cooper Ltd. က တာဝန်ရှိသူတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ရှိသူတွေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့မှ အဖွဲ့ဝင်တွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က တာဝန်ရှိသူတွေက ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ ESIA Report ကို အများပြည်သူနဲ့ တိုင်ပင်ညှိနှိုင်းခြင်းလုပ်ငန်းစဉ်အပါအဝင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ ထုတ်ဖော်ကြေညာခြင်းနဲ့ သုံးသပ်ရေးလုပ်ငန်းစဉ်ပြီးမြောက်ဖို့အတွက် ကုန်ကျမယ့် ကုန်ကျစရိတ်တွေကို ဘယ်သူတွေက ကျခံရမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ESIA Report ဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကုန်ကျစရိတ်များကို စီမံကိန်းအဆိုပြုတဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ Myanmar Wanbo Mining Cooper Ltd. တို့က ကျခံရမှာဖြစ်ပါတယ်။

**မေး။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနဲ့ ပတ်သက်လို့ ဆောင်ရွက်ပြီး၊ ဆောင်ရွက်လျက်ရှိတဲ့ အခြေအနေကို သိပါရစေ။**

ဖြေ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကို ၂၀၁၃ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် ၂၀/၂၀၁၃ ကနေ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

အဲဒီနည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇(က)(ခ)(ဂ)နဲ့ ၁၅၇(က)(ခ)(ဂ)တို့အရ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်က လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကို ဆက်လက်ပေးပို့ထားပြီးဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)ကို အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ Nippon Koei ကုမ္ပဏီစတဲ့ အဖွဲ့အစည်းတွေရဲ့ အကူအညီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စည်ပင်သာယာရေးကော်မတီများ၊ ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များ၊ ပြည်သူလူထုရဲ့ အကြံပြုချက်တွေနဲ့ ပြုစုရေးဆွဲခဲ့ပါတယ်။ မကြာမီစတုတ္ထမူကြမ်းကို ပြည်သူလူထုကို ချပြနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကို ပြဋ္ဌာန်းပြီးရင် အဆိုပါ လုပ်ထုံးလုပ်နည်းကိုလည်း ဆက်လက်ထုတ်ပြန်သွားမှာဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေသိချင်တဲ့ အခြားအချက်လေးတွေ ရှိရင်လည်း ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ ။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဟာ နိုင်ငံတော်နဲ့ ဒေသခံပြည်သူတို့ရဲ့ အကျိုးစီးပွားအတွက်သာမက အနာဂတ်မျိုးဆက်တွေအတွက်လည်း အရေးပါတဲ့ စီမံကိန်းဖြစ်တဲ့အတွက် ESIA Report ကို နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီမှုရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ လမ်းညွှန်ချက်နဲ့အညီ စိစစ်သုံးသပ် အတည်ပြုဆောင်ရွက်သွားမှာဖြစ်ပြီး အစီရင်ခံစာပါ အချက်အလက်တွေကိုလည်း သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ပြည်သူများသိရှိအောင် ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

ဟုတ်ကဲ့ဆရာ။ ကျေးဇူးတင်ပါတယ်။ **(သတင်းအဖွဲ့)**












### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (မင်္ဂလာမြို့တော် အိမ်ရာစီမံကိန်း)၊ သာယာကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ (ယုဇနကွန်ဒို)၊ တိုက်အမှတ်(၆)၊ (၂)ခန်းတွဲ၊ (၈)လွှာ၊ အခန်းအမှတ်(၀၂၁)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဦးတင်ရွှေ[၁၂/ပဇတ(နိုင်)၀၀၆၉၉၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ တရားဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်(ဘဏ်) B.A,R.L (စဉ်-၄၉၀၃) တရားလွှတ်တော်ရှေ့နေနှင့် မြန်မာ့စီးပွားရေးဘဏ်ရှေ့နေ

ဒေါ်ခင်နှင်းရည် B.A,R.L (စဉ်-၄၆၆၂) တရားလွှတ်တော်ရှေ့နေ

အိမ်-တိုက်(၂)၊ အခန်း(၀၁၇)၊ နှင်းဆီလမ်း၊ ယုဇနကွန်ဒို၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၀၆၄၀၆၊ ၀၉-၅၁၅၅၀၆၇၊ ၀၉-၂၅၄၀၇၀၁၇၁

လျှပ်စစ်သုံးလျှင်သတိယဉ်ဝန်အားမမျှမသုံးရ









သွေးသည်အသက်



# ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေး အကောင်အထည်ဖော်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်တွင် အဆင့်မြင့်အိမ်ရာများကိုတစ်ရပ်ကွက်လုံးနီးပါး တည်ဆောက်လျက်ရှိရာ အဆင့်မြင့်အိမ်ရာများ တည်ဆောက်မှုနှင့်အတူ လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်လာသည်။ ရပ်ကွက်ရှိ လေးထောင့်ကန်လမ်း၊ ပြည်တော်အေးလမ်း၊ ရန်ကင်းလမ်း၊ ကန်တော်လမ်းနှင့် ရိပ်သာလမ်းမကြီး (၅)လမ်း၊ လမ်းသွယ် (၇)လမ်းတို့၌ ဆောက်လုပ်ပြီးစီးသွားသော အဆင့်မြင့်အိမ်ရာများ လျှပ်စစ်မီးရရှိရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သယ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမြင့် ဦးဆောင်သည့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒနှင့်အညီ ရပ်ကွက်အတွင်း သက်ဆိုင်ရာ အပိုင်အလိုက် ထရန်စဖော်မာများကို တိုးချဲ့တပ်ဆင်ပေးပြီး လိုအပ်သော ဓာတ်တိုင်များစိုက်ထူခြင်း၊ ဓာတ်ကြိုးများသွယ်တန်းခြင်းနှင့် ဒစ်ဂျစ်တယ်မီတာများ တပ်ဆင်ပေးလျက်ရှိရာ ယခုရက်ပိုင်းတွင် လမ်းသွယ်(၄)ကြားရှိကန်တော်လမ်းထိပ်၌ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင်၍ လမ်းသွယ် (၃)နှင့် (၄) ကြား၌ တည်ဆောက်ပြီးစီးသွားသော အဆင့်မြင့်အိမ်ရာနေ ပြည်သူများအတွက် လျှပ်စစ်မီးအမြန်ဆုံးသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီး၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် အချိန်နှင့် တစ်ပြေးညီ အမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မွေးမွေး(သယ်န်းကျွန်း)**



## စီးပွားရေးဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၅**

မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဗဟိုဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် Business Course (Trial Couse) သင်တန်းဆင်းပွဲ အခမ်းအနားကိုဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး ဦးအောင်ဇံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးနှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်တို့ အမှာစကားပြောကြားကြသည်။

ထို့နောက် ဂျပန်နိုင်ငံမှ လာရောက်သင်ကြားပို့ချပေးသောသင်တန်းဆရာများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီးနောက် **(အပေါ်ပုံ)** တက်ရောက်အောင်မြင်သူ သင်တန်းသား သင်တန်းသူ ၁၂၄ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်ကြားပို့ချသော သင်တန်းများမှာ Business Plan Development, Strategic Marketing, Quality\Production Management, Accounting and Finance သင်တန်းများဖြစ်ပြီး ဂျပန်နိုင်ငံမှ ပညာရှင်များက လာရောက်သင်ကြားပေးပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ကြောင်း သိရသည်။

**(၀၀၂)**

# ညောင်ဦးမြို့နယ်၌ ဆောင်းမြေပဲများ ဖြစ်ထွန်းအောင်မြင်

**ညောင်ဦး ဒီဇင်ဘာ ၂၅**

သူကောင်းတည် မြစ်ရေတင်သည် ညောင်ဦးမြို့၏ အရှေ့ဘက် ရှစ်မိုင်ခန့်အကွာတွင် တည်ဆောက်ထားရှိသည်။ မြစ်ရေတင်တွင် ရေတင်ကန် ရှစ်ကန်ဖြင့် ပထမလျာထားပြီး တည်ဆောက်ထားလျက်ရှိသည်။ အဆိုပါ မြစ်ရေတင်ကို ဆက်လက်ပြီး အဆင့်မြှင့်တင်ပေးလျက်ရှိရာ ယခင်က မြစ်ရေတင်ကန် အမှတ်(၂)ကန်တွင်သာ ရေတင်ခဲ့ပြီး ယခုအခါ ကန်(၃)အထိ တိုးချဲ့ရေတင်ပေးလျက်ရှိသည်။ သို့ဖြစ်၍ သူကောင်းတည်မြစ်ရေတင်ဘေးတွင် တောင်သူများက ဆောင်းမြေပဲများ စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ သူကောင်းတည် မြစ်ရေတင်ကို ယခင်က ရေတင်ကန် အမှတ်(၁)နှင့် ရေတင်ကန် အမှတ်(၂) တွင်သာ စပါးစိုက်ရန် ရေပေးဝေခဲ့သည်။ စပါးစိုက်တောင်သူများလည်း တစ်ဧကလျှင် တင်း ၇၀၊ ၈၀ မှ ၉၀၊ ၁၀၀ ထိ ရကြသည်။

ယခုနောက်ပိုင်းတွင် စပါးစိုက်ရုံသာမကဘဲ ဆောင်းသီးနှံ မြေပဲကို စမ်းသပ်စိုက်ပျိုးခဲ့ရာ တောင်သူများ တွက်ခြေကိုက်လာသည့်အတွက် ယခုနှစ်ပိုင်းမှာ မနှစ်ကထက် ဆောင်းမြေပဲ စိုက်တောင်သူ ပိုများလာခဲ့သည်ဟု အောက်ညဉ့်ကျေးရွာ မြေပဲစိုက် တောင်သူ ဦးစန်းရွှေထံမှ သိရသည်။

"ဒီနှစ်မှာ ဆောင်းပဲစိုက်တောင်သူတွေ ပိုများလာပါတယ်။ ဒီနှစ်ဆောင်းပဲ စိုက်လို့ ဆောင်းပဲတွေ ကောင်းတာမြင်ရင်တော့ ရှေ့လာမယ့်နှစ်မှာ ပိုပြီး ဆောင်းပဲစိုက်ရန် တောင်သူတွေ စိတ်ဝင်စားလာပါမယ်။ မြစ်ရေတင်ကလည်း ဒီထက်ပိုပြီး အမှတ်(၄)၊ အမှတ်(၅)အထိ တစ်ဆင့်ထက် တစ်ဆင့်မြှင့်တင် ဆောင်ရွက်ပေးမယ်ဆိုရင် တောင်သူတွေဘဝမှာ တစ်သီးစားဘဝမှ နှစ်သီးစားဘဝအထိ မြေမအား ရေမရှား လူမနားလုပ်မယ်ဆိုရင် ကျွန်တော်တို့ ကျေးလက်တောင်သူများ စီးပွားဘဝတိုးတက်လာမှာ အမှန်ပင်ဖြစ်ပါတယ်"ဟု မြေပဲစိုက်တောင်သူ ဦးစိုးလင်းကပြောပြသည်။

**(ကျော်ဌေး-ညောင်ဦး)**



## နိုင်ငံတကာဖိလစ်ပိုင် ရုပ်ရှင်ပြပွဲပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

နိုင်ငံတကာအာရှ၊ ဥရောပနှင့် အမေရိကန်၊ ဖိလစ်ပိုင်ရုပ်ရှင်ပြပွဲနှင့် ပြိုင်ပွဲကို ၂၀၁၄ ခုနှစ် ဇွန်လအတွင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါနိုင်ငံတကာ ဖိလစ်ပိုင်အာရှ၊ ဥရောပနှင့် အမေရိကန်ရုပ်ရှင်ပြပွဲပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြသလိုသော မြန်မာရုပ်ရှင်ဇာတ်ကားနှင့် ဗီဒီယိုထုတ်လုပ်သူများ၊ တက်ရောက်လိုသူ စာနယ်ဇင်းဆရာများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အမှတ် (၅၀) ဆရာစံလမ်း သာသနာ့ရိပ်သာရပ်ကွက် ဗဟန်းမြို့နယ်ရှိ ဖိလစ်ပိုင်သံရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(အိုးဝေခင်မောင်ကွန့်)**




















# ပရီမီယာလိဂ်ရင်ခုန်သံ – ၁၉

**ပရီမီယာလိဂ်ပွဲစဉ် (၁၉)ကိုလာမယ့်ဒီဇင်ဘာ ၂၈၊ ၂၉ ရက်တွေမှာ ကျင်းပသွားမှာပါ။ ဒီပွဲစဉ်မှာ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

**ဝက်စ်ဟမ်း -ဝက်စ်ဘရွန်း** ည ၇း၁၅ (၂၈-၁၂-၁၃)

ဝက်စ်ဟမ်းခြေအားနည်းမှုတွေ များနေပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တယ်။ ဝက်စ်ဘရွန်းကလည်း ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေတာကြောင့် ဝက်စ်ဟမ်းတို့ ဒီပွဲမှာတော့ ဖိအားပေးနိုင်မှာပါ။ ဝက်စ်ဟမ်းပဲ အနိုင်ရသွားဖို့ရှိတယ်။

**ဗီလာ - ဆွမ်ဆီး** ည ၉း၃၀(၂၈-၁၂-၁၃)

ဗီလာအနေနဲ့ အမှားခံလို့မရတော့တဲ့ နီးပါးဖြစ်နေပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာလည်း အနိုင်ရဖို့ ဆက်လက်အားစိုက်လာမှာပါ။ အထူးသဖြင့် ဆွမ်ဆီးခြေသာမန်သာရှိတာကြောင့် ဗီလာတို့ဒီပွဲမှာတော့ သရေလောက်အနိမ့်ဆုံးရမှာပါ။

**ဟားလ် - ဖူလ်ဟမ်** ည ၉း၃၀(၂၈-၁၂-၁၃)

ဟားလ်က ခံကစားအားကောင်းမွန်မှုရှိတယ်။ ဒါ့အပြင် အိမ်ကွင်းအားလည်းရှိတာကြောင့် ခံစစ်ပိုင်းအားနည်းနေတဲ့ ဖူလ်ဟမ်ကို ဖိအားပေးသွားနိုင်မှာပါ။ ဖူလ်ဟမ်အနေနဲ့ ဟားလ်ဆီက အမှတ်ရဖို့ ခက်ခဲနိုင်ပြီး ဟားလ်ပဲကပ်နိုင်သွားမှာပါ။

**မန်စီးတီး - ပဲလေ့စ်** ည ၉း၃၀(၂၈-၁၂-၁၃)

မန်စီးတီးရဲ့ပွဲတိုင်း အနိုင်ရထားတဲ့ အိမ်ကွင်းအားကို တောင့်ခံနိုင်လောက်တဲ့ ခြေစွမ်းမျိုး ပဲလေ့စ်မှာ မရှိပါဘူး။ ပဲလေ့စ်ဟာ ခုနောက်ပိုင်းခြေအနည်းငယ် ပြန်ကျနေပါတယ်။ ဒါကြောင့် မန်စီးတီးနဲ့ဂိုးအများကိုပဲ နှစ်သက်တယ်။

**နော့ဝှစ်ချ် - မန်ယူ** ည ၉း၃၀(၂၈-၁၂-၁၃)

ခုနောက်ပိုင်း မန်ယူရဲ့ ကစားပုံတည်ငြိမ်လာတယ်။ ဒါပေမယ့် နော့ဝှစ်ချ်ကလည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ ရှုံးတဲ့အထိ ခံကစားအားကောင်းကာ အိမ်ကွင်းလည်းဖြစ်လို့ မန်ယူတို့ရုန်းကန်ရမှာပါ။ မန်ယူကပ်ပြီးပဲ အနိုင်ရဖို့ရှိတယ်။

**ကာဒစ်ဖ် - ဆန်းဒါးလန်း** နံနက် ၀၀း၀၀(၂၉-၁၂-၁၃)

စုစည်းညီညွတ်မှုအားနည်းနေတဲ့ ကာဒစ်ဖ်အနေနဲ့ အသင်းလိုက် ခြေစွမ်းကိုပါ ထိခိုက်စေပါတယ်။ ဒါပေမယ့် ဆန်းဒါးလန်းကလည်း ခြေစွမ်းပိုင်းအရ အားနည်းမှုတွေများနေပါတယ်။ အမှတ်လိုနေတဲ့ ကာဒစ်ဖ်ကပ်ပြီး အနိုင်ရသွားမှာပါ။

**အဲဗာတန် - ဆောက်သမ်တန်** ည ၈း၀၀(၂၉-၁၂-၁၃)

အဲဗာတန်ရဲ့ခြေနဲ့ အိမ်ကွင်းအားက အသင်းကြီးတွေကိုတောင် စိန်ခေါ်နိုင်ပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ကလည်း ကစားပုံအားကောင်းမှုရှိပြီး ခံစစ်ပိုင်းကျစ်လျစ်လို့ အဲဗာတန်တို့လွယ်လွယ် အနိုင်မရနိုင်ပါဘူး။ သရေကျဖို့များတယ်။

**ကာဆယ် - အာဆင်နယ်** ည ၈း၀၀ (၂၉-၁၂-၁၃)

လက်ရှိကာဆယ်ရဲ့ခြေ တည်ငြိမ်နေပုံမျိုးနဲ့ အာဆင်နယ်တို့ ရုန်းကန်ရမှာပါ။ အထူးသဖြင့်ပွဲဆက်များလာချိန်မှာ အာဆင်နယ်ရဲ့ ခြေစွမ်းအကျဘက်ရောက်လာတာတွေ့ရပါတယ်။ ဒါကြောင့် မထင်မှတ်ဘဲ အဝေးကွင်းမှာ အာဆင်နယ် သရေကျသွားနိုင်တယ်။

**ချယ်လ်ဆီး - လီဗာပူး** ည ၁၀း၃၀ (၂၉-၁၂-၁၃)

မန်စီးတီးနဲ့ကစားခဲ့ရမှုက လီဗာပူးကို ပွဲပန်းစေမှာပါ။ လီဗာပူးအနေနဲ့ တိုက်စစ်ပိုင်းအားကောင်းပေမယ့် အဝေးကွင်းမှာ ခြေကျတတ်ပါတယ်။ ချယ်လ်ဆီးက အိမ်ကွင်းမှာ အားစိုက်လာမှာဆိုတော့ ချယ်လ်ဆီး အနိမ့်ဆုံး သရေရမယ်။

**စပါး - စတုတ်** ည ၁၀း၃၀ (၂၉-၁၂-၁၃)

စတုတ်ရဲ့ မာကျောတဲ့ကစားဟန်ကို စပါးကျော်ဖြတ်ဖို့ ခက်တယ်။ အထူးသဖြင့် အသင်းလိုက်ဟန်ချက်ပျောက်ဆုံးနေပြီး တိုက်စစ်အားပျော့လို့ စပါးအနေနဲ့ ဒီပွဲမှာ နိုင်မယ်ဆိုရင်တောင် မပြတ်သားနိုင်တဲ့ စတုတ်ကို နှစ်သက်တယ်။

ရှိုင်း
မင်း
မင်း



# ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ရေး မန်စီးတီးအသင်း၏ စမ်းသပ်မှု လီဗာပူး ရင်ဆိုင်ရဖွယ်ရှိနေ

လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ရမှတ် ၃၆ မှတ် ရရှိကာ ဒုတိယနေရာမှ အာဆင်နယ်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသော လီဗာပူးအသင်းသည် Boxing day တွင် ယှဉ်ပြိုင်ရမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်စီးတီးအသင်း၏ အိမ်ကွင်း၌ သွားရောက်ကစားရမည်ဖြစ်ရာ ယင်းပွဲစဉ်တွင် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ရေးအတွက် မန်စီးတီးအသင်း၏ စမ်းသပ်မှု ခံရဖွယ်ရှိနေကြောင်း သိရသည်။

ပရီမီယာလိဂ်၏ အမှတ်ပေးဇယားတွင် တတိယနေရာမှ ရပ်တည်နေသော မန်စီးတီးအသင်းသည် လီဗာပူးအသင်း၏အောက်တွင် တစ်မှတ်အကွာဖြင့် ရပ်တည်နေပြီး ယခုနှစ်ဘောလုံးရာသီတွင် အိမ်ကွင်းအောင်မြင်မှုမှာ ရာနှုန်းပြည့်အနေအထားတွင် ရှိနေသည်။

ထိပ်ဆုံးအသင်းငါးသင်းစာရင်းဝင်ရေးသည် ရမှတ် နှစ်မှတ်လောက်မှာ မပြောပလောက်စရာဖြစ်သော်လည်း ဒီဇင်ဘာ ၂၆ ရက်တွင် ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အာဆင်နယ်သည် ဝက်စ်ဟမ်းနှင့်လည်းကောင်း၊ ချယ်လ်ဆီးအသင်းသည် ဆွမ်ဆီးနှင့်လည်းကောင်း၊ အဲဗာတန်သည် ဆန်းဒါးလန်းနှင့်လည်းကောင်း၊ မန်ယူသည် ဟားလ်စီးတီးနှင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပွဲစဉ်တွင် လီဗာပူးအသင်းသည် မန်စီးတီး၏ အိမ်ကွင်း၌ ကစားရမည်ဖြစ်ရာ မန်စီးတီး၏ စမ်းသပ်မှုကို ရင်ဆိုင်ရတော့မည် ဖြစ်သည်။

လီဗာပူးအသင်းသည် ၁၉၉၀-၁၉၉၁၊ ၁၉၉၆-၁၉၉၇ နှင့် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီများတွင် ခရစ္စမတ်ကာလ၌ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော်လည်း ဖလားရယူနိုင်ရေးအတွက် မစွမ်းဆောင်နိုင်ခဲ့ပေ။ ယင်းပြဿနာမှာ ၁၉၈၇-၁၉၈၈ ဘောလုံးရာသီမှ စတင်ကာ ကြုံတွေ့ခဲ့ရသည့် လီဗာပူးအသင်း၏ သမိုင်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် မန်စီးတီး၏ အိမ်ကွင်းအီတီဟတ်ဒ်တွင် လီဗာပူးအသင်း အောင်ပွဲဆင်နိုင်မည်လားဆိုတာ စောင့်ကြည့်ရမည့် ပွဲစဉ်တစ်ခုပင်ဖြစ်သည်။ **(ငွေကြယ်)**

## ဘောလုံးလောက သတင်းတိုများ

- *ချယ်လ်ဆီးအသင်းသည် ဆာဘီးယားတောင်ပံကစားသမား မာကိုဗစ်အား ဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။*
- *ကွင်းလယ်ကစားသမား ဘာကလေအား ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၈၆ သန်းပေးလျှင်သော်မှ ရောင်းချမည်မဟုတ်ကြောင်း အဲဗာတန်အသင်းနည်းပြ မာတီနက်ဇ်က ပြောကြားခဲ့သည်။*
- *ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဒီမာရီယာသည် အသင်းမှ ထွက်ခွာရန် ငြင်းဆိုခဲ့သော်လည်း အာဆင်နယ်အသင်းနှင့် စပါးအသင်းသို့ ပြောင်းရွှေ့ကစားရမည်ဆိုပါက စိတ်ဝင်စားကြောင်း ပြောကြားခဲ့သည်။*






**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## G.T.I ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပါမည်

G.T.I ကျောင်းပေါင်းစုံ ကျောင်းသားဟောင်းများစုပေါင်း၍ (၂၃)ကြိမ်မြောက် ဂေါက်သီးရိုက် ပြိုင်ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်(သောကြာနေ့) နံနက် ၁၀ နာရီမှစ၍ ရန်ကုန်မြို့၊ ပြည်လမ်း ၉ မိုင် (မြန်မာ)ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပါသည်။

ပြိုင်ပွဲ Sponsor အဖြစ် Dynamic Engineering and General Trading Co.,Ltd.က ပံ့ပိုးဆောင်ရွက်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် ဇန်နဝါရီလ ၂ ရက်၊ ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးခင်ဇေ (ရုံးအဖွဲ့မှူး) ဖုန်း၀၁-၅၁၉၈၆၃ သို့ စာရင်းပေးသွင်းနိုင်ပါသည်။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒဂုံအရှေ့မြို့နယ်၊ ရွာသာကြီး(အရှေ့ကွင်း)၊ အမှတ်(၂)လမ်းနှင့် (၁၄၀)ရပ်ကွက်သွားလမ်းထောင့်တွင် မြေ(၁၀)ဧက မြေဖို့ခြင်း၊

(ခ) အဆိုပါမြေနေရာတွင် ပေ(၆၀×၄၀)ရုံးအဆောက်အအုံ(တစ်ထပ်) ဆောက်လုပ်ခြင်း၊

၂။ သို့ပါ၍ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့် ပတ်သက်၍ မြေဖို့ရမည့်ဧရိယာ၊ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာ အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဒဂုံ(မြောက်)မြို့နယ်၊ အမှတ်(၄၆)ရပ်ကွက်၊ ရွှေလီ(၁)လမ်း(ဗိုလ်မှူးဗထူးလမ်းမကြီးအနီး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၁၂-၂၀၁၃ ရက်
တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက် - ၃-၁-၂၀၁၄ ရက် ၁၆း၀၀နာရီ

၄။ အသေးစိတ်သိလိုသောအချက်အလက်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၉-၄၉၂၉၃၂၅၇၊ ၀၉-၄၂၀၀၇၇၀၇၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ









## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/၇(ကံဘဲ့)၊ မြေကွက်အမှတ်၄၉/က၊ မြေကွက်တည်နေရာအမှတ်(၄၉/က)၊ ခေမာသီလမ်းသွယ်(၃)၊ မိချောင်းကန်အပိုင်း(၃)၊ သဃ်န်းကျွန်းမြို့နယ်၊ (ဦးမင်းလွင်)[၁၂/ဗဟန(နိုင်)၀၄၅၂၄၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမင်းလွင်နှင့်ဇနီးဖြစ်သူ ဒေါ်စန်းရင် ကွယ်လွန်သဖြင့် ဦးကြည်လွင်[၁၂/ဗဟန(နိုင်)၀၄၇၆၂၁]နှင့် ဦးထွန်းလွင်[၁၂/သဃက(နိုင်)၁၆၀၆၆၃]တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ







## ယာဉ်မဆင်မခြင်မောင်းနှင်၍ ပလက်ဖောင်းပေါ်ကျော်တက်၊ ဓာတ်တိုင်ဝင်တိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်းမကြီး၏ ဇမ္ဗူသီရိအထူးကုဆေးရုံအနီးတွင် ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီခန့်က ဇီဇဝါပန်းအဝိုင်းဘက်မှ စည်ပင်ရိပ်သာဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ၆က/. . . . စူပါဆလွန်း နက်ပြာလူစီးယာဉ်တစ်စီးသည် ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် အရှိန်လွန်၍ ညာဘက်ပလက်ဖောင်းပေါ် သို့ ကျော်တက်ကာ ကွန်ကရစ်မီးတိုင်အား ဝင်ရောက်တိုက်မိသောကြောင့် ယာဉ်၏ဦးခေါင်းဘယ်ဘက်ကြေမွကာ ဓာတ်တိုင်အခြေပြုတ်ထွက်ပြီး ယိမ်းယိုင်သွားခဲ့သည်။ **(ယာပုံ)**အဆိုပါဖြစ်စဉ်တွင် ယာဉ်မောင်းမှာ အခင်းဖြစ်ပြီးထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



## သုံးခွမြို့နယ်တွင် လူတစ်ဦး ကြိုးဆွဲချသေဆုံး

**သုံးခွ ဒီဇင်ဘာ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကျွဲတဲကုန်းကျေးရွာအုပ်စု အမောင်းကျေးရွာတွင် ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီခန့်က အမျိုးသားတစ်ဦးနေအိမ်၌ သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွဲတဲကုန်းကျေးရွာအုပ်စု အမောင်းကျေးရွာနေ ကိုစိန်ထွေး (၄၇)နှစ်သည် နေအိမ်အတွင်း အနောက်ဘက်အခန်းရှိ ထုပ်တန်းတွင်နိုင်လွန်ပိုက်ကြိုးဖြင့် ကြိုးဆွဲချသေဆုံးလျက်ရှိကြောင်း၊ ၎င်းသည် အရက်အလွန်အကျွံသောက်သုံးနေရာမှ ပုံမှန်စိတ်မရှိတော့ဘဲ မိမိကိုယ်ကိုကြိုးဆွဲချသေဆုံးရခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ အမှုကို သုံးခွမြို့နယ် မြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်ထားပြီး ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြည်စိုးလွင်-သုံးခွ)**

## ရှမ်းပြည်နယ် တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် အမှတ်(၃၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (တာချီလိတ်)မှတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၂၃ ရက် နံနက် ၇ နာရီက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်နေ ဦးလော်ပေါ (၅၅)နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ဦးလော်ပေါအား ဆောက်လုပ်နေဆဲ နေအိမ်ဘေးရှိ တဲအတွင်း အိပ်ပျော်နေသည်ကိုတွေ့ရပြီး အိပ်ရာခေါင်းရင်းအောက်မှ အပြာရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော WY စာတန်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ ပါ တစ်ထုပ်၊ ပလတ်စတစ်ဘူးဖြင့် ထည့်ထားသော ဘိန်းဖြူအလေးချိန် တစ်ဂရမ်၊ ၎င်းအိပ်သည့် နေအိမ်တဲ ဘေးနံရံတွင် ချိတ်ဆွဲထားသော ပီနံလွယ်အိတ်အတွင်းမှ ဘိန်းစိမ်းအလေးချိန် ၁၃၀ ဂရမ်ပါ တစ်ထုပ်နှင့် ၁၄၀ ဂရမ်ပါ တစ်ထုပ်၊ WY စာတန်းပါပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀ စီပါ ၂၇ ထုပ်၊ အိုက်(စ်) အလေးချိန် ၁၂ ဂရမ်ပါ တစ်ထုပ် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၄၈၆၀၀၀ ကို ဖမ်းဆီးရမိခဲ့သဖြင့် ဦးလော်ပေါအား တာချီလိတ်မြို့မရဲစခန်းက မယ (ပ) ၁၇၆/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉ (က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**




## ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက်တွင် နေအိမ်တစ်လုံးမီးလောင်မှုဖြစ်

**ထားဝယ် ဒီဇင်ဘာ ၂၅**

ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက်(၆)လမ်းသွယ်နေ တရုတ်ကမ်း(ခ)ဦးလွင်ကိုဦး နေအိမ်တွင် ဒီဇင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ နေအိမ်၏အနောက်ဘက်ရှိ သွပ်မိုး၊ ပီပါအခွံကာ မြေစိုက်ရော်ဘာမှိုင်းခံရုံ၌ ရော်ဘာပြားများကို လှစာမီးဖိုဖြင့် မှိုင်းခံရာမှ အပူရှိန်လွန်ကဲကာ ရော်ဘာပြားများ စတင်မီးကူးစက် လောင်ကျွမ်းခြင်းဖြစ်ပြီး လောင်ကျွမ်းမှုကြောင့် ရော်ဘာပြား ၅၀၀ နှင့် အလျား ပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၁၅ပေ အရွယ်ရှိ သွပ်မိုး၊ ကတ္တရာပီပါခွံကာ မြေစိုက်ဂိုဒေါင်တစ်လုံး ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်သည့်နေရာသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြတ်ကို၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်သိန်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများရောက်ရှိလာပြီး မီးသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်သုံးစီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၄ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**







# နှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာဆုတောင်း

မေတ္တာတရားကြီးမား၍ သားသမီးများအပေါ် နွေးထွေးမှုအပြည့်ဖြင့် ချစ်မြတ်နိုးသော ဖေကြီး **ဦးအောင်သန်းဦး**နှင့် မေကြီး **ဒေါ်ခင်ပြုံး**တို့၏ ၂၅-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော **နှစ်(၃၀)မြောက် မင်္ဂလာပုလဲရတုရက်မြတ်**မှသည် ရွှေရတုမင်္ဂလာ၊ စိန်ရတုမင်္ဂလာရက်များတိုင် ချစ်သော သား၊ သမီးများနှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်သာယာသော ဘဝလမ်းကို အတူတကွ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားကြီး** - Dr. ဉာဏ်လင်းအောင်
(M.B.,B.S)First Yr, M.Sc (Pathology)

**ချစ်သားငယ်** - ဗိုလ်ကြီးသက်တင်အောင် B.C.Sc(DSA)
တပ်မတော်(ရေ)-မနှင်းနွယ်အောင်

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ နှင်းဆီဥယျာဉ်လမ်း၊
ROSE PARK I၊ အမှတ်(60/A2)နေ
ဦးအောင်သန်းဦး[ဒုတိယညွှန်ကြားရေးမှူးချုပ်၊အမှတ်(၁)အခြေခံပညာဦးစီးဌာန]-ဒေါ်ခင်ပြုံးတို့၏သားငယ်
ဗိုလ်ကြီးသက်တင်အောင်(ခ)သီဟအောင်
**B.C.Sc(D.S.A)**၊ တပ်မတော်(ရေ)
နှင့်
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၁၈)နေ
ဦးခင်မောင်အေး(ထက်ကောင်းကင်-ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း)-ဒေါ်ခင်သင်းရီ
(အလပြ-ငြိမ်း၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ သမီးထွေး
မနှင်းနွယ်အောင်(ခ)နှင်းပွင့်
**4th Year Law, Diploma in Accounting (LCCI,UK)**

တို့၏ ၂၅-၁၂-၂၀၁၃ ရက်တွင် ရန်ကုန်မြို့၊ Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ကြီး(ငြိမ်း)သီဟသူရမဟာသီရိသုဓမ္မ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၏ ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေနှင့် ဇနီး Dr.ဒေါ်ဝေမာမာထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို(ငြိမ်း)၏ ဇနီး ဒေါ်ခင်လေးမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သောင်းအေးနှင့် ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်းနှင့် ဇနီး ဒေါ်သန်းသန်းအေး၊ တနင်္သာရီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မိုးအောင်နှင့် ဇနီး Dr.ဒေါ်အေးခိုင်ညွန့်၊ တပ်မတော်(ရေ)မှ ဌာနချုပ်မှူးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မှူးများနှင့်၎င်းတို့၏ဇနီးများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အမှတ်(60/A2)၊ ပင်လုံအိမ်ရာနေအိမ်၌ပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်အရှေ့ပိုင်း ခရိုင် တွဲဖက်ခရိုင်တရားသူကြီး ဒေါ်ခင်စိုးဟန်အားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးပွဲ အခမ်းအနားအား ကြွရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊နယ်ဘက်အသီးသီးမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ သတို့သား အရံအဖြစ်ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးကျော်ဇင်သန့်၊ ဗိုလ်ကြီးကျော်စွာမင်း၊ သတို့သမီးအရံ မယဉ်ယဉ်ဝင်း၊ မခိုင်ငြိမ်းထက်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မနွယ်ငြိမ်းသူအားလည်းကောင်း၊ မင်္ဂလာအောင် စံပယ်ပန်းကုံးဗန်းကိုင် မမေဇင်ဝင်းနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင် မဝဿန်ဦးအားလည်းကောင်း၊ လူကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်မိဘများနှင့်**
**ဗိုလ်ကြီးသက်တင်အောင်-မနှင်းနွယ်အောင်**

# မြို့သစ် မကျီးချိုကျေးရွာက ချစ်စရာပစ်တိုင်းထောင်ကလေး

**မကွေး ဒီဇင်ဘာ ၂၅**

မြို့သစ်မြို့နယ် မကျီးချို(တောင်)ကျေးရွာရှိ တစ်နှစ်ကိုးလအရွယ် ကလေးငယ်တစ်ဦးသည် ခြေလက်အင်္ဂါ ပါသည်ဆိုရုံမျှဖြင့်သာ အသက်ရှင်နေရသော်လည်း မိဘဆွေမျိုးသားချင်းနှင့် ဒေသခံများ၏မေတ္တာကို အပြည့်အဝခံစားရ၍၎င်း၏ရှေ့ရေးအတွက်လည်း ဝိုင်းဝန်းကူညီပံ့ပိုးမှုများရှိနေကြောင်း သိရသည်။ “ပစ်တိုင်းထောင်ကလေး”ဟု ချစ်စနိုးခေါ်ဝေါ်ကြသည့် အောင်ကျော်ထူး အမည်ရှိ ကလေးငယ်သည် ၁၃၇၃ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ရက်(တနင်္ဂနွေနေ့)တွင် မိဘဖြစ်သူ ဦးသိန်းလှိုင်နှင့် ဒေါ်ဝင်းတို့မှ မွေးဖွားပြီး မွေးကတည်းကပင် ခြေလက်လေးများ ပါမလာခဲ့ရှာပေ။ မွေးချင်းခုနစ်ယောက်ရှိပြီး မိဘများမှာ တောင်သူအလုပ်ကို လုပ်ကိုင်ကြကြောင်း၊ ၎င်းကိုမွေးဖွားခဲ့စဉ်က မြို့သစ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး ရပ်ဝေးရပ်နီးမှ စေတနာရှင်များကလည်း ကူညီပံ့ပိုးကြကြောင်း သိရသည်။ အမြဲတစေ ပျော်ရွှင်ရယ်မြူး၍ ချစ်စဖွယ်ကောင်းလှသော ပစ်တိုင်းထောင်ကလေးသည် စိတ်ဓာတ်ရေးရာအရလည်း ပစ်တိုင်းထောင်ကဲ့သို့ပင် မည်သည့်အခြေအနေရောက်ပါစေ ဘဝကိုအနိုင်မခံ၊ အရှုံးမပေး ကြံ့ကြံ့ခံစိတ်ဓာတ်မျိုးရှိကြောင်း ဖခင်ဖြစ်သူက ပြောသည်။ မိခင်ဖြစ်သူကလည်း “သားလေးမွေးတုန်းက သတင်းကြားကြားချင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျန်းမာရေးကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ပေးပါတယ်၊ တခြားဒေသတွေကနေပြီး လာရောက်ကြည့်ရှုအားပေးကြသူတွေကလည်း လက်ဆောင်ပစ္စည်းတွေ ပေးကြတယ်၊ သားလေးရဲ့ ချိုသာရွှင်ပြတဲ့ မျက်နှာကလေးက မြင်သူတိုင်းကို ကရုဏာသက်စေတယ်၊ အားလုံးရဲ့ မေတ္တာကရုဏာတရားတွေကြောင့် သားလေးရဲ့ ဘဝလေး သာယာချမ်းမြေ့လိမ့်မယ်လို့ မျှော်လင့်မိပါတယ်”ဟု ပြောပြသည်။ **ကျော်စွာ(မကွေး)**



# အာဆီယံလမ်းမကြီး ပခုက္ကူအနီးမှ ဖြတ်သန်းဖောက်လုပ်မည်ဖြစ်၍ ဒေသခံများဝမ်းမြောက်လျက်ရှိ

**ပခုက္ကူ ဒီဇင်ဘာ ၂၅**

အိန္ဒိယနိုင်ငံမှ မြန်မာပြည်အတွင်းသို့ ဖြတ်သန်း၍ မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံထဲသို့ဝင်ရောက်မည့် လမ်းမကြီး ပခုက္ကူမြို့အနီးမှ ဖောက်လုပ်မည်ဖြစ်သောကြောင့် ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ “သည်လမ်းမကြီးဖောက်ဖို့ ၂၀၁၀ကတည်းက အိန္ဒိယနိုင်ငံသားတွေ လင်းကတောမှာ အခြေစိုက်ပြီး လမ်းကြောင်းရှာဖွေကြတာသိရတယ်။ အခု ၂၀၁၃ ဒီဇင်ဘာလဆန်းရက်မှာ ဒုတိယအကြိမ်လာပြီး လင်းကတော၊ ကမ်းနီ၊ ဝါးသုံးအိုင်၊ ဝါးကံ၊ ကျောက်ဖူးရွာတွေ အနီးကနေ ဖြတ်သန်းဖို့ ငုတ်တွေ အလံတွေ အမှတ်အသားတွေပြုလုပ်သွားတာတွေ့ရတယ်”ဟု စာရေးဆရာကြီးဒေါက်တာသက်လွင်က ပြောသည်။ ပခုက္ကူဒေသတွင် မြို့ရှောင်လမ်း၊ အဆင့်မြှင့်တင်မည့်လေယာဉ်ကွင်း၊ ကြီးမားခံ့ညားအရေးပါသော ဧရာဝတီတံတားကြီးအပြင် ပုသိမ်-မုံရွာ-ပခုက္ကူလမ်းမကြီးတို့ကြောင့် ဒေသ၏ဖွံ့ဖြိုးမှုနှင့် စီးပွားရေးလာဘ်မြင်သောသူအချို့တို့ကြောင့် ခြံဝိုင်းမြေဈေးများ မြင့်တက်ရောင်းဝယ်လာကြောင်းလည်း သိရသည်။ အိန္ဒိယ-မြန်မာ-ထိုင်းနိုင်ငံ ဖြတ်လမ်းမကြီးကြောင့် ကျွန်တော်တို့ဒေသကတော့ တော်တော်လေးကို တိုးတက်လာမှာ အမှန်ပဲဗျာ။ တိုးတက်မှုနှင့်အပြိုင် ကျွန်တော်တို့ဒေသက လူငယ်လူရွယ်တွေလည်း ပညာတတ်၊ လူတော်လူကောင်းများဖြစ်ဖို့ အရေးကြီးလာပြီ။ ဒါမှ အောင်မြင်မှုအခွင့်အလမ်းကောင်းကို ဆုပ်ကိုင်နိုင်မှာဟု သတင်းစာဆရာတစ်ဦးက ပြောကြားသည်။

**နေဦးမောင်(ပခုက္ကူ)**

# ကံမ-မကွေး မော်တော်ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

**ကံမ ဒီဇင်ဘာ ၂၅**

ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရက မီးရထားလမ်းများ၊ ကားလမ်းများကို ၂၀၁၂ခုနှစ်မှ စတင်ပြီးဖောက်လုပ်ပေးခဲ့ရာ မကွေးတိုင်းဒေသကြီးအတွင်း သရက်ခရိုင်နှင့် မင်းဘူးခရိုင်ကို ဆက်သွယ်သည့် ကားလမ်းများမှာ ယခုအခါ မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့်သို့ တိုးတက်လာပြီး အချို့နေရာများတွင် ကတ္တရာလမ်းခင်းခြင်းများ ဆောင်ရွက်နေပြီဖြစ်သဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာသည့်အပြင် ခရီးသွားပြည်သူများမှာလည်း မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် အချိန်အခါမရွေး သွားလာနိုင်ပြီဖြစ်သည်။ ယခင်က ပြေးဆွဲခြင်းမရှိသေးသော ကံမ-သရက်-မင်းလှ-မင်းဘူး-မကွေး ခရီးသည်တင် အမြန်မော်တော်ယာဉ်လိုင်းသစ်အား ဒီဇင်ဘာ ၂၃ရက် နံနက် ၆ နာရီခွဲတွင် စွယ်တော်ဖူးမော်တော်ယာဉ်အဖွဲ့မှ စတင်၍ ပြေးဆွဲပြီဖြစ်သဖြင့် ဝန်ထမ်းများနှင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်သူများ မြေပဲကောက်သင်းကောက်ရသဖြင့် အဆင်ပြေ

**မြိုင် ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ကြည့်ကန်ကျေးရွာအုပ်စု တောရွာမှတောင်သူဦးကြီးများသည် မိုးမြေပဲကို မေလဆန်းက စိုက်ပျိုးခဲ့ကြပြီး နိုဝင်ဘာလဆန်းပိုင်းတွင် မြေပဲများဖော်ကြသည်။ ယင်းသို့ ဖော်ရာ၌ ၎င်းကျေးရွာမှ အကူလက်လုပ်လက်စားအလုပ်သမားများက အခမဲ့ မြေပဲလိုက်သိမ်းပေးကြရသည်။ ယင်းမြေပဲခင်းမှ မြေပဲရိတ်သိမ်းအပြီးတွင် မြေပဲခင်းပိုင်ရှင်တောင်သူများက အပင်မှအောက်သို့ကျနေသည့် မြေပဲများအား အခမဲ့ကူညီသည့် လုပ်သားများအတွက် အခမဲ့ ကောက်ယူခွင့်ပြုပေးကြသဖြင့် လူတစ်ဦးလျှင် တစ်နေ့ ပျမ်းမျှမြေပဲ ၁၀ ပြည်မှ ၁၂ ပြည်အထိရရှိကာ မြေပဲတစ်ပြည်လျှင် သုံးရာကျပ်ဈေး ရောင်းရနေပြီး လူတစ်ဦးလျှင် တစ်နေ့ ပျမ်းမျှ ငွေကျပ်သုံးထောင်ခန့်ရရှိသဖြင့် လက်လုပ်လက်စားလုပ်သားများ စားဝတ်နေရေး အဆင်ပြေချောမွေ့နေကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

**မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ**

**အစိုးရ/စီးပွားရေးကြော်ငြာ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အယ်လ်-၁၈/၆၁)၊ မြေကွက်အမှတ်(၅၁၆+၅၁၇)၊ အမည်ပေါက် ဦးထွန်းမြင့်[ကေတီအင်န်-၀၈၄၈၃၈]၏မြေကွက်သည် နိုင်ငံတော်စီမံကိန်းအတွင်းပါဝင်သွားပါ၍ အစားပြန်ချပေးသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ်(ပ-၁၉၈+၁၉၉)၏ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

[illegible]

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒ‌ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၁**

| | | |
|---|---|---|
| မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>လှည်းကူးမြို့။ | နှင့် | ၁။ ဦးစံမြင့်<br>၂။ မနီလာမြင့် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ရန်ကင်း(၅)လမ်းနေ ဦးစံမြင့်နှင့်မနီလာမြင့် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌တရားလိုက ‘အပေါင်ပစ္စည်းရောင်းချလိုမှု’ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် (၁၃၇၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းရွှေမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၇/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-147(2013-2014) | Down Hole Mud Motor Ex Horizontal Directional Drilling Rig | (1) Set | US$ |
| (၂) | IFB-148(2013-2014) | Caterpillar C-9Truck Engine for 30 Ton Mark Oil Field Truck | (1) No | US$ |
| (၃) | IFB-149(2013-2014) | CNG Compressor Driven Electric Motor With Complete Package | (1) Lot | US$ |
| (၄) | IFB-150(2013-2014) | Spares for IMW(Mother)Dispenser | (7) Items | US$ |
| (၅) | IFB-151(2013-2014) | Arc Transformer Welding Machine with Complete Accessories AC, 400AMP, Dry Type | (8) Nos | US$ |
| (၆) | IFB-152(2013-2014) | Mobile Welding Machine with Complete Accessories 600 AMP, Diesel Engine Driven | (10) Nos | US$ |
| (၇) | IFB-153(2013-2014) | Spares for GM 6V 53 Engine | (15) Items | US$ |
| (၈) | IFB-154(2013-2014) | Spares for GM 6V 71 Engine | (17) Items | US$ |
| (၉) | IFB-155(2013-2014) | Spares for CATD-3408PC Rig Engine | (26) Items | US$ |
| (၁၀) | DMP/L-047(2013-2014) | Multi Grade Diesel Engine Oil SAE 15 W 40 (API-CF 4) | (700)Drums | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၂-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ရန်ကုန်တာယာစက်ရုံမိသားစုမှ အထူးကျေးဇူးတင်ရှိခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြစန္ဒာခန်းမ၌ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အောင်ထက်မြက်ကုမ္ပဏီလီမိတက်၊ Yangon Tyre စက်ရုံမှ ထုတ်လုပ်သော တာယာအမျိုးမျိုးအား စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှ တာယာအရောင်းဆိုင်ပိုင်ရှင်များ၊ တာယာသုံးစွဲသူများအား ရှင်းလင်းပြသခြင်း အခမ်းအနားသို့ ကြွရောက်ချီးမြှင့် ပေးပါသော စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ ကြွရောက်ကြသော Yangon Tyre အရောင်းကိုယ်စားလှယ်ကြီးများဖြစ်ကြသည့် ဦးတော်မီ(ဧကဒီပါ တာယာရောင်းဝယ်ရေး)၊ ဦးမောင်မောင်-ဒေါ်စန္ဒာ(B.S တာယာရောင်းဝယ်ရေး)၊ ဦးစိုင်းလှမြင့်(မန်းပါဝါတာယာရောင်းဝယ်ရေး)တို့နှင့် မုံရွာမြို့မှ Yangon Tyre များအား ဖြန့်ချိပေးသော တာယာအရောင်းဆိုင်ပိုင်ရှင်ကြီးများအားလည်းကောင်း၊ Yangon Tyre အား အစဉ်အမြဲ သုံးစွဲကြသော ကားပိုင်ရှင်ကြီးများအားလည်းကောင်း၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော မိတ်ဆွေများအားလုံးနှင့်တကွ အနယ်နယ်အရပ်ရပ်မှ Yangon Tyre သုံးစွဲကြသူများအားလုံးကို အထူးကျေးဇူး တင်ရှိပါကြောင်း----။

**ဒါရိုက်တာအဖွဲ့**
**Yangon Tyre စက်ရုံ**
**အောင်ထက်မြက် ကုမ္ပဏီလီမိတက်**




SAYA-TONY
Since 1989
IELTS / TOEFL
IELTS - Exam Training (10-Jan, 7-Feb)
- Elementary Spoken English (ESE)
- Intermediate General English (IGE)
- Advanced General English (AGE)
- Basic Grammar & Essay (BGE)

**ကျေးဇူး ဆပ်ပါမည်**
ကျွန်တော် မောင်ရဲမင်းဦး၏ နိုင်ငံကူးလက်မှတ်(MA-391886)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၂၂၂၂၆၅

HTET OO ရေကြောင်းပညာသင်တန်းကျောင်း
- Designated Security Duties Course (DSD/SSD)
- BST (4 Tickets)
- Tanker Familiarization Course (T.F) (Oil, Chemical, Liquefied Gas)
- Pre-sea Course (Deck , Engine)
- Deck Officer Class - 5 (NCV)



Ph: 09 250278274, 01-544562
Ph: 09 421154222

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ပါသည်

# (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားဇုန် တစ်နေရာတည်း၌ကျင်းပမည်




**နေပြည်တော် ဒီဇင်ဘာ ၂၅**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နေပြည်တော်၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ ခမ်းနားစွာလက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၂ မျိုးထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားများမှာ မြားပစ်၊ ပြေးခုန်ပစ်၊ ဘော်စီယာ၊ စစ်တုရင်၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ငါးယောက်တစ်ဖက်ဘောလုံး၊ ဂိုးဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘော စသည်တို့ဖြစ်သည်။ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားသမား ၂၁၂ ဦး အပါအဝင် နိုင်ငံ ၁၁ နိုင်ငံမှအားကစားသမားပေါင်း ၁၁၂၀ ဦးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ လာရောက်ကြမည့် အားကစားသမားများနှင့် အခြားတာဝန်အသီးသီးယူကြမည့် ပုဂ္ဂိုလ်များ၊ တက်ရောက်သတင်းရယူကြမည့် မီဒီယာများ စသူတို့အတွက် အသိအမှတ်ပြုကတ်များကို ဒီဇင်ဘာ ၂၇ ရက်မှစတင်ကာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားဇုန်ရှိ သတ်မှတ်နေရာ၌ စတင်ပြုလုပ်ပေးမည်ဖြစ်သည်။

အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသို့ လာရောက်ကြမည့်သူများအတွက် တည်းခိုနေထိုင်ရေးအဆင်ပြေစေရန် ဇမ္ဗူသီရိဟိုတယ်တွင် အရေးကြီးပုဂ္ဂိုလ်များနှင့်အာဆီယံ မသန်စွမ်းအားကစားအဖွဲ့များမှ တာဝန်ရှိသူများ တည်းခိုနေထိုင်နိုင်ရန် သတ်မှတ်ထားသည်။ သင်္ဂဟဟိုတယ်တွင် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စင်ကာပူနိုင်ငံမှ အလံလွှဲပြောင်းရယူမည့်အဖွဲ့များ၊ အိုအေစစ်ဟိုတယ်တွင် ပြည်တွင်းပြည်ပမီဒီယာများ၊ ရွှေပြည်တော်ဟိုတယ်တွင် အာဆီယံမသန်စွမ်းအားကစားအဖွဲ့မှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အားကစားရွာတွင် အားကစားသမားများ၊ နည်းပြ/အုပ်ချုပ်သူများ၊ ဆက်ဆံရေးအရာရှိငယ်များနှင့် လုပ်အားပေးလူငယ်များ၊ အမှတ်(၇) တည်းခိုရေးစခန်း(ရွာတော်)တွင် အာဆီယံမသန်စွမ်းအားကစား ဖွင့်ပွဲ/ပိတ်ပွဲတွင် ပါဝင်ကပြဖျော်ဖြေကြမည့်သူများ စသည်ဖြင့် အဆင်ပြေစွာနေထိုင်နိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့●**

## ရန်ကုန်အိမ်ငှားဈေးကွက် ဈေးနှုန်းများမြင့်တက်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့ရှိ ရပ်ကွက်အများစုတွင် အိမ်ငှားရမ်းမှုဈေးကွက်အခြေအနေကောင်းနေပြီး ဈေးနှုန်းများလည်း မူလထက်မြင့်မားနေကာ ပွဲစားများခြေချင်းလိမ်နေကြကြောင်း အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်မြို့နယ်များအတွင်းမှ စုံစမ်းသိရှိရသည်။

ထို့ကြောင့် မူလက ကျပ် ၅၀၀၀၀ မှ ကျပ် ၇၀၀၀၀ ခန့်ရှိသော အိမ်ခန်းတစ်ခန်း ငှားရမ်းခမှာ ကျပ်တစ်သိန်းကျော်သို့ နှစ်ဆနီးပါးတက်သွားပြီး အိမ်ငှားသူများမှာလည်း ဈေးမြင့်မားသည့်တိုင်အောင် အပြိုင်ငှားရမ်းနေကြခြင်း ဖြစ်သည်။

"မနက်ကတင် အိမ်လာကြည့်ဖို့ပြောတယ်၊ ညနေကျတော့ အိမ်သွားကြည့်တာ မရတော့ဘူး။ အခြားတစ်ဦးက ယူသွားပြီ၊ မနက်နဲ့ ညနေတောင်မှ အခြေအနေက အဲ့ဒီလိုဖြစ်နေတယ်"ဟု အိမ်ငှားရန် ကိုယ်တိုင်ကြုံရသူတစ်ဦးက ပြောသည်။ ထိုသို့

**စာမျက်နှာ ၃ ကော်လံ ၅ သို့❒**

## သဲကန္တာရသစ်ခွအမည်ရှိ အင်္ဂလန်ပြိုင်မြင်း the hearts of the nation တွင်နိုင်ပွဲရရှိ

သဲကန္တာရသစ်ခွဟုအမည်ပေးထားသော အင်္ဂလန်ပြိုင်မြင်းသည် the hearts of the nation တွင် နိုင်ပွဲရရှိခဲ့ကြောင်းသိရသည်။ ယင်းပြိုင်မြင်းအား ဒေးဗစ်အိစ်ဝေါ့သ်ဆိုသူက လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး ၁၉၈၆ ခုနှစ်နှင့် ၁၉၉၀ ခုနှစ်များအတွင်း နိုင်ပွဲအသီးသီးရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ သဲကန္တာရသစ်ခွအမည်ရှိ အင်္ဂလန်ပြိုင်မြင်း**(ယာပုံ)**သည် ပြိုင်ပွဲများကို အကြိမ် ၇၀ အထိပါဝင်ယှဉ်ပြိုင်ခဲ့သည့် သမိုင်းကြောင်းတွင် ၃၄ ကြိမ်အထိ နိုင်ပွဲရရှိခဲ့သည့် မြင်းဖြစ်ပြီး ၁၉၈၉ ခုနှစ်က ဝင်ကန်တန်ပြိုင်ပွဲတွင်လည်း ပြိုင်ဘက်များအပေါ် အနိုင်ရရှိကာ ပထမနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အင်္ဂလန်၏ အကောင်းဆုံးပြိုင်မြင်းတစ်ကောင်အဖြစ် ကျော်ကြားလာသော သဲကန္တာရသစ်ခွအမည်ရှိ ပြိုင်မြင်း၏တန်ဖိုးသည် ၆၅၄၀၆၆ ပေါင်တန်ဖိုးရှိပြီး ဝန်ချိန် ၁၂ တန်(၇၇ ဒသမ ၆ ကီလို)အထိ ဆွဲနိုင်စွမ်းရှိကြောင်း သိရသည်။

**(ငွေကြယ်)**



## မန္တလေးမှ ရပ်ရှင်ဆန်ဆန် ရွှေဆိုင်လုယက်သူအား အမှုဖွင့်စစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးမြို့ မောင်ကိန်းရွှေဆိုင်မှ ရွှေဝယ်ဟန်ဆောင်ကာဝင်ရောက်ပြီး ရွှေဆိုင်ဝန်ထမ်းများကို သေနတ်နှင့်ချိန်၊ မှန်ပုံးကိုရိုက်ခွဲပြီး ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားသူ တစ်ကိုယ်တော်လုယက်သူအား ရွှေဆိုင်ဝန်ထမ်းနှင့် စည်ပင်ဝန်ထမ်းတို့က အရဲစွန့် ဝင်ရောက်ကာ သေနတ်လုယက်ဖမ်းဆီးရမိမှု ဒီဇင်ဘာ ၂၄ရက် ညနေ ၅နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း သိရသည်။ (သတင်းဖော်ပြပြီး)

အခင်းဖြစ်စဉ်ကို မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များက ချက်ချင်း ရောက်ရှိစစ်ဆေးခဲ့သည်။ ထို့နောက် ဒဏ်ရာရသတိလစ်ပြီး ဆေးရုံတွင်အရေးပေါ် ကုသမှုခံယူနေသူ (လုယက်သူ)မှာ ည ၇ နာရီ မိနစ် ၄၀ တွင် သတိရလာ၍စစ်ဆေးမေးမြန်းခဲ့ရာ ၎င်းအမည်မှာ အာချန်(ခ)လူသက်ချန် (၄၀)နှစ် လောက်ကိုင်မြို့တွင် နေထိုင်ကြောင်း၊ လွန်ခဲ့သော ၁၀ ရက်ခန့်က ဦးလေးတော်သူ ဦးလူကွက်ရှီ၏ ၆၃ ×၆၄ လမ်း၊ ဏ/၇ (၃၁) တွင်နေထိုင်ပြီး အခင်းဖြစ်သည့်နေ့က ဦးလေးဖြစ်သူအိမ်မှ ဆိုင်ကယ်ဖြင့် ပြစ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း၊ ကျူးလွန်သော သေနတ်မှာ လောက်ကိုင်မြို့မှ ပါလာခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

အမှုအား အမှတ်(၈)မြို့မရဲစခန်းက (ပ)၅၅၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၆/၃၀၇ ဖြင့် အမှုဖွင့်ပြီး ဒုရဲမှူး ကျော်သာဦးက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ငြိမ်းချမ်း(ပြည်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။






KONYAN

* Promotion *

Dec 29

Ph: 09.73340050, 09.73340051, 09.73340052, 09.420187871, 09.420187872

OD TOUR Oriental Dragon Travels & Tours Co.,Ltd

Jan 1,21,Feb · Jan 1,24,Feb · Jan 1,Feb · Jan 4,Feb · Jan 15,Feb · Jan 25,Feb · Jan ... Feb 23

OD Tour

ဆံတော်ရှင် ကျိုက်ထီးရိုးရင်ပြင်တော်
(၃၆)ကြိမ်မြောက်
ဆီမီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ နံ့သာတိုင်(၉၀၀၀)စီ
ဆက်ကပ်လှူဒါန်းပူဇော်ပွဲကြီးကို နှစ်စဉ်ကျင်းပမြဲဖြစ်သော
(၁-၁-၂၀၁၄)ရက်နေ့
တွင် လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကြပါရန်
လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။
ဆီမီး(၉၀၀၀)အဖွဲ့

13 Sep, 12/19 Oct, 02/23 Nov, 07/22 Dec
08/22 Jan, 12 Feb, 03/19 Mar, 13 Apr
06/13 Apr
Highway Complex
Booking email: ...@gmail.com, Fax: 2305803

သွေးသည်အသက်

LCCI
WEBS
09-5151396

English Speaking
U Win Maw ( Research )
4 Skills

ပါမောက္ခကထိကဆရာကြီးများသင်ကြားသည်
V.I.P ဝိုင်း/ဘော်ဒါ(စာမေးပွဲအနီးကပ်)
အမှတ်ကောင်းကောင်းနှင့်အောင်ဖို့ လေ့ကျင့်ပါ ph-၀၉-၇၃၀၃၄၈၃၈
ကျောင်းချိန် (နံနက် ၈- ည ၁၀)၊
တိုက်-၆/၂၀၂၊ ပုဇွန်တောင်ဈေးအနီး

2014
MOBILE KING
Phone & Accessories
Mobile king ကိုချစ်တဲ့ Customer များအတွက် ...
( ၁ / ၁ / ၂၀၁၄ မှ ၁၄ / ၁ / ၂၀၁၄ ) အထိ Handset ဝယ်ယူအားပေးသော Customer များအား
+ + Handset ...

Maritime Management Institute
SRPS
2 Days Intensive Workshop Training (5th Batch)
Understanding & Effective Implementation of the Maritime Labour Convention, 2006.
Ph: 09 254 129975, 09 430 035898

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊ မြေကွက်အမှတ်(၂၁၄)၊ မြေကွက်တည်နေရာအမှတ်(၂၁၄)၊ ၁၂လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးခင်မောင်ကြည်၊ ဦးစံခွေး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးခင်မောင်ကြည်မှာ ၂၉-၄-၁၉၉၉ရက်တွင်လည်းကောင်း၊ ဦးစံခွေး (ခ)ဦးစံထွေးမှာ ၁၈-၉-၂၀၁၁ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ဒေါ်ညွှန့်စိန် [၁၂/မရက(နိုင်)၀၄၉၅၄၀]နှင့်ဒေါ်တင်ငြိမ်း(SPTA-၀၃၂၁၇၅)တို့က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း ဦးခင်မောင်ကြည်ကွယ်လွန်ခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန၏ ၂၂-၁၁-၂၀၁၃ရက်စွဲဖြင့် ပြန်ကြားစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/F၊ မြေကွက်အမှတ်(၅၃)၊ မြေကွက်တည်နေရာအမှတ်(၅၀၁)၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (ဒေါ်မီနီဒင်) အမည်ပေါက်မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက်ဒေါ်မီနီဒင်ထံမှ အပိုင်ပေးစာချုပ်အမှတ်-၁၆၁၁၊၂၀၀၂ (၂၅-၄-၂၀၀၂)ဖြင့် ဧရိယာပေ(၁၄၀×၂၈)ကိုပိုင်ဆိုင်လာသူ (၁)ဒေါ်ရွှေထွေးမေ[၁၂/အစန(နိုင်)၁၁၆၉၀၀]၊ (၂)ဦးချစ်ဦးရွှေ [၁၂/အစန(နိုင်)၁၂၀၇၁၄]၊ (၃)ဒေါ်ရီရီထွေး[၁၂/အစန(နိုင်)၁၆၆၂၀၄]၊ (၄)ဦးရွှေခိုင်[၁၂/အစန(နိုင်)၀၄၅၃၃၃]တို့အနက် ဒေါ်ရွှေထွေးမေကွယ်လွန် ဦးချစ်ဦးရွှေ လူပျိုကြီးဘဝကွယ်လွန်သဖြင့် (၁)ဒေါ်ရီရီထွေး[၁၂/အစန(နိုင်)၁၆၆၂၀၄]၊ (၂)ဦးရွှေခိုင်[၁၂/အစန(နိုင်)၀၄၅၃၃၃]တို့က မောင်နှမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်(၈၂၁)၊ မြေကွက်တည်နေရာအမှတ်(၂၇)၊ အောင်ချမ်းသာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်ခင်မေ [၁၂/သဃက(နိုင်)၀၈၄၃၆၈] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မေ(မိခင်)နှင့် ဦးအောင်ကြည်(ဖခင်)တို့ကွယ်လွန်သဖြင့် ၁။ဒေါ်ထူးထူးအောင်[၁၂/သဃက(နိုင်)၀၈၄၀၁၉]၊ ၂။ဒေါ်သန်းသန်းအောင်[၁၂/သဃက(နိုင်)၀၈၃၈၄၅]၊ ၃။ဒေါ်ချိုချိုအောင်[၁၂/သဃက(နိုင်)၀၈၃၈၄၆]တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ်(၂၃၆)နေ ဦးပိုမောင်(ကွယ်လွန်)နှင့် ဒေါ်လဲ့မြင့်[၆/မအရ(နိုင်)၀၇၅၄၅၂]မှ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ဒေါ်လဲ့မြင့်[၆/မအရ(နိုင်)၀၇၅၄၅၂]၏သားဖြစ်သူ မောင်ရာဇာလင်း[၁၂/ရပသ(နိုင်)၀၇၆၂၇၆]သည် မိခင်နှင့်ညီအစ်ကိုမောင်နှမများကိုအကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် မိခင်မှသည်းမခံနိုင်၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်လဲ့မြင့်[၆/မအရ(နိုင်)၀၇၅၄၅၂]**

HAPPY NEW YEAR EVE

တော်ဝင်မြန်မာဆောက်လုပ်ရေးအဖွဲ့ (L.C – ၂၀၆) မှ

ဆောက်လုပ်ပြီးစီးသည့် အဆင့်မြင့် ပြင်ဆင်ထားသည့် တိုက်ခန်းများအား အထူးအစီအစဉ်ဖြင့် ရောင်းချပေးနေပါပြီ


အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့တွင် နေထိုင်သော ဦးမောင်တင်ဝင်း၏သမီး မညို ညိုဝင်း[၁၁/ရသတ(နိုင်) ၀၇၀၅၆၆]အား မနှင်းယုလှိုင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

ချိုယန်း (CHOYANG)

09-450048048
09-250172700

ဒဂုံမြို့သစ် အရှေ့ပိုင်း တောင်ပိုင်း ဆိပ်ကမ်း

09 - 73005053
09 - 5122010


## ဒေါ်ရိုစီရောင်း[၁၂/ဗတထ(နိုင်)၀၂၄၈၅၉]၊ (MD,GP BATTERY INDUSTRIES PRIVATE LTD)နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါ်တင်လတ်မင်း[၅/မရန(နိုင်)၀၁၂၇၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၂၀-၁၂-၂၀၁၀ ရက်တွင် ရန်ကုန်မြို့၌ ဦးမောင်သိန်း၊ ဒေါ်ရိုစီရောင်း[၁၂/ဗတထ(နိုင်)၀၂၄၈၅၉] (MD,GP BATTERY INDUSTRIES PRIVATE LTD)နှင့် ဒေါ်တင်လတ်မင်းတို့က "ချေးငွေများအား လွှဲပြောင်းတာဝန်ယူ ပေးအပ်ခြင်းကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုခဲ့ကြသော်လည်း ယင်းကတိစာချုပ်ပါ ချေးငွေများကို ဒေါ်ရိုစီရောင်းက ဒေါ်တင်လတ်မင်းသို့ အပြေအကျေ လွှဲပြောင်းပေးအပ်ခဲ့ခြင်းမရှိပါ။

သို့ပါ၍ ဒေါ်တင်လတ်မင်းဘက်မှ ဒေါ်ရိုစီရောင်းသို့ ၂၀-၈-၂၀၁၃ ရက်စွဲပါ "ဒေါ်ရိုစီရောင်းမှ ဒေါ်တင်လတ်မင်းသို့ လွှဲပြောင်းပေးအပ်ရန် တာဝန်ယူထားသည့် ချေးငွေများနှင့် ပတ်သက်၍ ဒေါ်ရိုစီရောင်းမှ လာရောက်တွေ့ဆုံ၍ ချေးငွေများ အပြေအကျေပေးအပ်ရန်" အကြောင်းကြားစာအရ ဒေါ်ရိုစီရောင်းက ဒေါ်တင်လတ်မင်းထံ လာရောက်တွေ့ဆုံပြီး ဖော်ပြပါ ချေးငွေများကို ၁၈-၉-၂၀၁၃ ရက်မှ ၃၁-၁၂-၂၀၁၃ ရက်အတွင်း၌ ဒေါ်ရိုစီရောင်းက ဒေါ်တင်လတ်မင်းသို့ မပျက်မကွက် အပြေအကျေ ပေးဆပ်ပါမည်ဟူသော ဝန်ခံကတိဖြင့် ဒေါ်ရိုစီရောင်း[၁၂/ဗတထ(နိုင်)၀၂၄၈၅၉] (MD,GP BATTERY INDUSTRIES PRIVATE LTD)နှင့် ဒေါ်တင်လတ်မင်းတို့သည် ၁၈-၉-၂၀၁၃ ရက်၌ "ချေးငွေများအား လွှဲပြောင်းတာဝန်ယူပေးအပ်ခြင်း ကတိစာချုပ်"ကို ထပ်မံချုပ်ဆိုခဲ့ကြပါသည်။ ယင်းကတိစာချုပ်ပါ လအလိုက် ပေးဆပ်ရန်ငွေများကို ဒေါ်ရိုစီရောင်းက ဒေါ်တင်လတ်မင်းသို့ ပြည့်စုံစွာ ပေးဆပ်ခြင်းမရှိခဲ့ပါ။ သို့ပါ၍ ၁၈-၉-၂၀၁၃ ရက်စွဲပါ "ချေးငွေများအား လွှဲပြောင်းတာယူပေးအပ်ခြင်းကတိစာချုပ်"ပါ ပေးဆပ်ရန် ကျန်ငွေများကို ဝန်ခံကတိနှင့်အညီ ၃၁-၁၂-၂၀၁၃ရက်နေ့ စေ့ကုန်ချိန်အတွင်း၌ ဒေါ်ရိုစီရောင်းက ဒေါ်တင်လတ်မင်းသို့ အပြေအကျေ ပေးဆပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုရန် ညွှန်ကြားချက်များ ရရှိထားပြီးဖြစ်ပါကြောင်း ဒေါ်ရိုစီရောင်း[၁၂/ဗတထ(နိုင်)၀၂၄၈၅၉] (MD,GP BATTERY INDUSTRIES PRIVATE LTD)+ပတ်သက်ဆက်နွှယ်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးသန်းအေး(B.Ag., H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၁၂၅၉၅)**
**အမှတ်-၅၀၊ အခန်း(A-5)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**


## ခွေးရောင်းမည်

ဉာဏ်ရည်မြင့်မားသော Thai imported Alsation နှင့် Labrador ချင်းခွေးနှင့် အင်းခွေးသားပေါက်များ ရောင်းရန်ရှိသည်။

**ဖုန်း-၀၉-၃၁၆၅၁၉၃၅**





"အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်"

ALL ADULTS MUST BE ABLE TO DRIVE

Ph:661807,667835,0943198384,0943173150

Ph : 09 73249138, 09 43144310, 09 43171697, 09 43188381


## ဝန်ထမ်းအလိုရှိသည်

**(အထည်ချုပ်စက်ရုံ)**

**အမှတ်-၁၀၀၀/D၊ ရွှေနှင်းဆီ(၅)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၆၆၁၈၆၈**

| | | | |
|---|---|---|---|
| (၁) | မော်တာစက်ချုပ်ဝန်ထမ်း အသက်(၂၂-၃၀) | ကျား/မ | (၁၀)ဦး |
| (၂) | အထည်ချုပ်စက်ပြင် | ကျား | (၂)ဦး |
| (၃) | Cutting Worker | ကျား/မ | (၂)ဦး |
| (၄) | Quality Controller | ကျား/မ | (၂)ဦး |
| (၅) | Store Keeper | ကျား/မ | (၂)ဦး |
| (၆) | Admin staff | ကျား/မ | (၂)ဦး |

အမှတ်စဉ်(၂ မှ ၅)အတွက် အသက်(၂၂-၃၅)ကြား၊ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်အထက်ရှိသူ ၁၀တန်း/ဘွဲ့ရဖြစ်ရမည်။

အမှတ်စဉ်(၆)အတွက် အသက်(၂၂-၃၀)ကြား၊ ၁၀တန်း/ဘွဲ့ရ၊ Computer ကျွမ်းကျင်စွာ သုံးနိုင်သူ တရုတ်/အင်္ဂလိပ် ရေးဖတ်ပြော ကျွမ်းကျင်သူ ဦးစားပေးမည်။ လျှောက်ထားလိုသူများသည် CV နှင့်တကွ (၃)လအတွင်း ရိုက်ထားသော လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်မိတ္တူတို့နှင့်အတူ လူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ ပဲခူးမြို့တွင် လုပ်နိုင်သူဖြစ်ရမည်။


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်အဆုံးမှ ထန်းတပင်မြို့သို့သွားကားလမ်းမဘေးတွင်ရှိ လယ်မြေဧက(၃၀)ခန့် ရောင်းမည်။ လမ်းမျက်နှာစာ အလျားပေ ၂၀၀၀နီးပါးခန့်ရှိသည်။ မြေစာရင်းပုံစံ ၁၀၅ ကျပြီး။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၀၅၂၂၇၊ ၀၉-၇၃၂၀၇၉၇၃**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀အိုင်၊ မြေကွက်အမှတ်II၃၀၊ မြေကွက်တည်နေရာ အမှတ်-၁၁၄/၁၁၆၊ ၄၉လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊(ဒေါ်လှမော်)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်လှမော်(မိခင်) နှင့် ဦးခင်မောင်ဦး(ဖခင်)တို့အသီးသီး ကွယ်လွန်သဖြင့် ၁။ ဦးအုန်းမြင့်ဦး[၁၂/ပဇတ(နိုင်)၀၀၃၂၈၃]၊ ၂။ ဦးတင်မင်းဦး[၁၂/ဗဟန(နိုင်)၀၅၄၉၄၄]၊ ၃။ ဒေါ်နွယ်နွယ်ဦး[၁၂/ပဇတ(နိုင်)၀၂၈၇၄၁]၊ ၄။ ဒေါ်ပြုံးပြုံးဦး[၁၂/ဗဟန(နိုင်)၀၀၅၈၃၃]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇ဒီ၊ မြေကွက်အမှတ်-၁၃၊ မြေကွက်တည်နေရာအမှတ်-၄၂၁၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ (ဦးစောဖေသန်း) အမည်ပေါက် ဧရိယာ(၂. ၉၄၅)ဧက၊ မြေအမျိုးအစား-B မြေပိုင်(အိမ်ရာမြေထုတ်ပေး) အမည်ပေါက် ဦးစောဖေသန်း[၁၂/အစန(နိုင်)၀၁၂၆၈၂]ထံမှ ရန်ကုန်တိုင်းတရားရုံး မြောက်ပိုင်းခရိုင် တရားမအထွေထွေမှု အမှတ်-၃၇/၉၇ အရ အမွေထိန်းလက်မှတ်စာ၊ ရန်ကုန်တိုင်းတရားရုံး မြောက်ပိုင်းခရိုင် တရားမအထွေထွေမှုအမှတ်-၄၈/၉၇အရ ရောင်းချခွင့်အမိန့်၊ အရောင်းအဝယ်စာချုပ်-၇၉/၉၉(၂၁-၁-၉၉)တို့ဖြင့် ဧရိယာ(၅၃. ၆'/၅၃. ၆')×(၂၅'×၆"/၂၅. ၆')ကို ဝယ်ယူပိုင်ဆိုင်လာသူ ဦးခင်လှ[၁၂/အစန(နိုင်)၀၃၁၅၅၁]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

